mgyoe.com SAMPLE BOOK

တင်မောင်မြင့်

အလံနီအောက်ဝယ်

Under the Red Flag

STORIES BY HA JIN

mgype.com SAMPLE BOOK

Under the Red Flag

STORIES BY HA JIN

တင်မောင်မြင့်

အလံနီအောက်ဝယ်

ဟာ့ကျင်းဟာ တရုတ်နိုင်ငံရေးကို ဟာသနှောပြီး သရော်ထားရုံ မကဘူး။ လူ့ဘဝရဲ့ အဖိနှိပ်ခံတွေဘက်က စိတ်ပညာဆန်ဆန် ခွဲခြမ်းစိတ်ဖြာ ပြသွားတယ်။

- The Chicago Tribune

၁၉၆၀ ပြည့်လွန်နှစ်များကနေ ၇၀ ပြည့်လွန်နှစ်များအတွင်းက ယဉ်ကျေးမှုတော်လှန်ရေး ကာလ တလျှောက်လုံး တရုတ်ပြည်သူတွေရဲ့ ကျိုးနွံစာသင့် ပုံရိပ်တွေကို ဟာ့ကျင်းက ပီပြင်ထိုးဖြိုနိုင်တဲ့အတွက် မသုံးနိုင်တဲ့ ဩဘာသံတွေနဲ့အတူ တရုတ်စာရေးဆရာအဖြစ် တားဆီးမရနိုင်အောင် အောင်မြင်မှု တွေ ရခဲ့တယ်။

- The Asians Wallstreet Journal

အင်္ကျီကြီး စိမ်းတဲ့ အကြောင်းအရာတွေကို ဟာသနှောပြီး ငယ်သူငယ်ချင်းတွေနဲ့ ပြောနေသလို ရှင်းရှင်းလင်းလင်း ပြောပြသွားတယ်။

- Kirkus Reviews

များပြောင်ရှုပ်ထွေးလှတဲ့ ပြဿနာကြောင်းတွန့်စင်တွေဟာ စာရေးဆရာရဲ့ ခြယ်မှုန်းနိုင်မှု စွမ်းအားကြောင့် ရောင်စုံပြသွားတယ်။

-Time Magazine

YP497

9781995004976

mgyoe.com
SAMPLE BOOK

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၂၀၂၀) ရာပြည့်စာအုပ်တိုက်

(ဇူလိုင် ၂၀၂၀)

အုပ်ရေ [၈၀၀]

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]

၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ နှင့် ဒီဇိုင်း

ဗိုယက်နမ် ပန်းချီဆရာ နှင့် လင်းဝဏ္ဏ

❑

တန်ဖိုး

၃၅၀၀ ကျပ်

သတိပေးပါသည်

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှလွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE-BOOK

မာတိကာ

- အလံနီအောက်ဝယ်နှင့် စပ်လျဉ်း၍ ၇
၁။ နေ့ခင်းကြောင်တောင် ၉
In Broad Daylight
၂။ လူဖြစ်အောင် မလုပ်နိုင်သည့်အခါ ၂၇
Man to Be
၃။ ဗိုလ်လုပွဲ ၄၂
Sovereignty
၄။ ခေါင်းတလားပေါ်မှ လေတွေ၊ မိုးတွေ ၅၆
Winds and Clouds over a Funeral
၅။ အချမ်းသာဆုံး လူ ၇၉
The Richest Man
၆။ သူ ပြန်လာမယ့်နေ့ ၈၉
New Arrival
၇။ စစ်ဘုရင် ၁၀၉
Emperor
၈။ ကြမ္မာ ၁၂၉
Fortune
၉။ ယောကျ်ားယူဖို့အရေး ၁၄၆
Taking a Husband

mgyoe.com

mgyoe.com

SAMPLE BOOK

၁၀။ တကျော့ပြန် နွေဦးလေပြည် ၁၆၉
Again, the Spring Breeze Blew
၁၁။ ရှင်ပြန် ထမြောက်ခြင်း ၁၈၅
Resurrection
၁၂။ ဆယ်နွေ ဆယ်မိုး ၂၁၂
A Decade

mgyoe.com

mgyoe.com SAMPLE BOOK

အလံနီအောက်ဝယ်နှင့် စပ်လျဉ်း၍

Under the Red Flag (အလံနီအောက်ဝယ်) ဝတ္ထုတိုစုဟာ ဟာကျင်းရဲ့ ဒုတိယ ဝတ္ထုတိုပေါင်းချုပ် ဖြစ်ပါတယ်။ ပထမ The Bridegroom ကို သတို့သားနှင့် အခြားဝတ္ထုတိုများ အမည်နဲ့ ကျွန်တော် ဘာသာပြန်ပြီး ရာပြည့်စာအုပ်တိုက်က ထုတ်ဝေခဲ့ပါတယ်။

သူ့ဝတ္ထုအားလုံး တရုတ်ပြည်မြောက်ပိုင်း Dismount Fort လို့ ခေါ်တဲ့ တပ်မြို့ကလေးနဲ့ ပတ်ဝန်းကျင်မြို့ရွာများကို နောက်ခံထားပြီး ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်းက တောသူတောင်သား ဘုံရိပ်သာ အလုပ်သမား လယ်သမားများ၊ စစ်သားများနဲ့ ပါတီကောင်စီ လူတန်းစား အသီးသီးရဲ့ ဘဝအထွေထွေကို နာနာကြည်းကြည်း သရော်ထားတဲ့ ဝတ္ထု တွေ ဖြစ်ပါတယ်။

သူ့ရဲ့ In the Pond ဝတ္ထုကို ကျွန်တော် ဘာသာပြန်ခဲ့ပြီး စာနဒီ စာအုပ်တိုက်မှ "ကန်သာရေရိပ်မှာ" အမည်နဲ့ ထုတ်ဝေခဲ့ပါတယ်။ Waiting (National Book Award ဆုရ) စာအုပ်ကို ကျွန်တော်က "မျှော်" ဆိုတဲ့ နာမည်နဲ့ ဘာသာပြန်ပြီး "နန်းဒေဝီ" စာအုပ်တိုက်မှ ထုတ်ဝေတဲ့အခါ ၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်၊ ရသ) ရရှိခဲ့ပါ တယ်။

Under the Red Flag ကို ဝေဖန်ကြတဲ့အထဲမှာ ဝီကီက ဖော်ပြ တဲ့ ဝေဖန်ရေးဆရာတစ်ယောက်ရေးတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။

"ဒီတစ်ခါ ထွက်လာတဲ့ ဝတ္ထုတိုပေါင်းချုပ်ဟာ အရမ်း ထူးခြားတယ်။ The Emperor ဟာ William Golding ရဲ့ The

mgyoe.com

mgyoe.com

SAMPLE BOOK

Lord of Flies နဲ့ နှိုင်းယှဉ်နိုင်တဲ့ ဝတ္ထုတိုဖြစ်တယ်။ ဒီခေတ်မှာ မကြားဖူး၊ မမြင်ဖူးတဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို သူ့ဝတ္ထုတွေထဲမှာ တွေ့ရတယ်။ သူ့ဝတ္ထုတိုတွေဟာ ဂျိမ်းစ်ဂျွိုက်စ် (James Joice) ရဲ့ Dubliners နဲ့လည်း နှိုင်းယှဉ်နိုင်တယ်။ အထူးသဖြင့် ဂျိမ်းစ်ဂျွိုက်စ်ရဲ့ The Dead လိုမျိုး ဇာတ်နာတယ်။ ဒါ့ထက်ဆိုရလျှင် ဟဲမင်းဝေးတို့၊ ဒေါ့စတာယက်စကီရဲ့ လေသံတွေ ကြားရသလိုပဲ" တဲ့။

(နှစ်ဆယ့်ငါးနှစ်ပြည့် ရာပြည့်စာအုပ်တိုက်အတွက်)

တင်မောင်မြင့်

mgyoe.com

mgyoe.com SAMPLE BOOK

နေ့ခင်းကြောင်တောင်

နေ့လယ်စာကို ပြောင်းဖူးမုန့်နဲ့ ရေချုပ်ဟင်း ရောစားနေတုန်း အိမ်ရှေ့ ခြံတံခါး ပွင့်လာပြီး ဖင်ပြောင် ပြေးဝင်လာတယ်။ အပြာရောင်ဘောင်းဘီတို ခါးတွင် ရောမ သစ်သားပစ္စတိုကြီး တိုးလိုးတွဲလောင်း။ သူက 'ဟေ့... ကြောင်ဖြူ' လို့ ကျွန်တော့် နာမည်ပြောင်ကို အော်ခေါ်ပြီး ပြောတယ်။ 'မြန်မြန်လုပ် ဟေ့၊ ဟိုဟာမကြီး သူ့အိမ်မှာ မိသွားပြီတဲ့။ ဒီနေ့ နေ့လယ် ရွာထဲ လှော်ပြမယ် တဲ့၊ သွားကြည့်ရအောင်'

ကျွန်တော်တို့ အချင်းချင်း နာမည်ပြောင်ပဲ ခေါ်ကြပါတယ်။

'ဟုတ်လား'

ကျွန်တော်က ပြောင်ခါနီးပန်းကန်ကို ချပြီး အင်္ကျီဝတ်၊ ညှပ်ဖိနပ်စီးဖို့ အိမ်ထဲ ပြေးဝင်လာခဲ့တယ်။

'ဟေ့ကောင်... ခဏလေးနော်။ ငါ ချက်ချင်း ထွက်လာခဲ့မယ်'

'ဟဲ့ ... ဖင်ပြောင်၊ ဘာ... "မုယင်" ကို ရွာထဲ လှော်ပြမယ် ဟုတ်လား'

အဘွားက အသံအက်တက်တက်နဲ့ လှမ်းမေးတယ်။

'ဟုတ်တယ် အဘွား၊ ကျွန်တော်တို့ လမ်းထိပ်မှာရှိတဲ့ ကလေးတွေ အကုန်လုံး သွားကြည့်ကြမလို့ ကြောင်ဖြူကို ကျွန်တော် လာခေါ်တာဗျ။ ဟေ့...ကြောင်ဖြူ မြန်မြန်လုပ်လေကွာ'

'အေး...အေး... လာပြီ၊ ဖိနပ်ရှာလို့ မတွေ့လို့ကွ'

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ပြန်အော်ပြောလိုက်တယ်။

အဘွားက ထန်းပလပ် ယပ်တောင်ကြီးနဲ့ ယင်ကောင်တွေ မောင်းရင်း–

'အေး...ကောင်းတယ်၊ ကောင်းတယ်။ ဒီဟာမ အိမ်ကိုပါ မီးရှို့ပစ်ရမှာ။ ရှေးရှေးတုန်းက ဒီလိုပဲ လုပ်ကြတယ်'

ကျွန်တော် ထွက်လာလာချင်း ဖင်ပြောင်က –

'ကဲ... သွားစို့' ဆိုပြီး ပြေးဖို့ပြင်တော့ ကျွန်တော်က သစ်သားစားကောက်ကို ပြေးယူလိုက်တယ်။

အဘွားက သူ့ယပ်တောင်ကြီးနဲ့ လှမ်းတားပြီး–

'ဟဲ့... ကောင်လေး၊ ဖိနပ်ကို သေသေချာချာ စီးပါဦးဟယ်'

'အချိန်မရှိဘူး အဘွား၊ ပွဲကြီးပွဲကောင်း လွတ်သွားလိမ့်မယ်။ အဘွားကို အသေးစိတ် ပြန်မပြောနိုင်ဘဲ နေမှာစိုးလို့ဗျ'

ကျွန်တော်တို့ ပြေးထွက်လာတော့ အဘွားက နောက်မှာ အော်တုန်း။ သားရေ ရှူးဖိနပ် စီးမသွားရကောင်းလားဆိုပြီး ဗျစ်တောက် ဗျစ်တောက် လုပ်ကျန်ရစ်တယ်လေ။

ကျွန်တော်တို့နှစ်ယောက်သား မူယင့်အိမ်ဆီကို ပတ်လမ်းအတိုင်း ပြေးချလာခဲ့ကြတယ်။ လက်နက်ကိုယ်စီ ခေါင်းပေါ်မြှောက်ကာ မြှောက်ကာနဲ့ပေါ့။ အဘွားက ခြေထောက်မသန်လို့ ခြံဝင်းအပြင် မထွက်နိုင်ရှာဘူး။ ဒါကြောင့် မြို့ထဲက သတင်းပတင်း မှန်သမျှ ကျွန်တော်က ပြန်ပြီး ဖောက်သည်ချရတယ်။ ဒါပေမဲ့ မူယင့်အကြောင်းတော့ သူ ကောင်းကောင်း သိတယ်။ မူယင့်အကြောင်းက အဘွားကြီးတိုင်း သိတာကိုး။ ပြီးတော့ သူတို့ အားလုံး မူယင့်ကို တူးတူးခါးခါး မုန်းကြတယ်။ အိမ်မှာ ဧည့်သည် ရောက်တယ်ကြားရင် 'ဒီ ပြည့်တန်ဆာမအိမ်ကို ဝိုင်း မီးရှို့ပစ်ကြ' လို့ ပြောတတ်ကြတယ်။

သူတို့က ရှေးထုံးအတိုင်း ပြောကြတာပါ။ ခေတ်သစ် တရုတ်ပြည်ကြီးမှာ သူတို့နေလာခဲ့တာ ဆယ်စုနှစ် နှစ်ခု တိုင်ခဲ့ပြီ ဖြစ်ပေမဲ့ သည်လို အရေးကြုံလာရင် ခေတ်ဟောင်းကို ပြန်သွားချင်ကြတယ်။ အဘွားက သူတို့ခေတ်ရဲ့ မျက်မြင်ကိုယ်တွေ့ အလားတူအဖြစ်တွေကို ပြန်ပြောပြတတ်ပါတယ်။ လူမှုရေးဖောက်ပြန်တဲ့ ရာဇဝတ်ကောင်တွေကို သက်ဆိုင်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

တွေက ပုံစံနှစ်မျိုးနဲ့ အပြစ်ပေးတယ် တဲ့။ ယောကျ်ားတွေကို ခေါင်းဖြတ် ကွပ်မျက်ပြီး မိန်းမတွေကို မီးရှို့သတ်တယ် တဲ့။

ယောကျ်ားဆိုရင် ဈေးကွက်လယ်က တိုင်မှာ ကြိုးနဲ့တုပ်ထားပြီး ပထမ ကျွဲချိုမှုတ်သံ ကြားတဲ့အခါမှာ ခေါင်းဖြတ်သမားက မျက်နှာကို အဝတ်စည်း ထွက်လာပြီး စင်ပေါ်က ရာဇဝတ်သားဆီကို တက်သွားတယ်။ ဧရာမ ပုဆိန်ကြီးကို ရင်ဘတ်မှာ အပ်လို့။ ဒုတိယ ကျွဲချိုသံ ကြားတော့ ရာဇဝတ်သား အနားကပ်လာပြီး ပုဆိန်ကြီး မြှောက်လိုက်တယ်။ တတိယ ကျွဲချိုမှုတ်သံနဲ့အတူ ခေါင်းပြတ်ကြီး မြေကြီးပေါ် ပြုတ်ကျသွားတယ်။ ဦးခေါင်းရှင်မှာ ဆွေမျိုးရင်းချာရှိရင် ကောက်ယူသွားကြပြီး မရှိရင်တော့ ခွေးတွေ ဝိုင်းလုပြီး စားပစ်လိုက်ကြတယ်။ နောက်ပိုင်းကျမှ ခန္ဓာကိုယ်ကို ဆက်ပြီး ပျော်ပွဲစားကြတယ်။

မိန်းမတွေကို တမျိုး စီရင်တယ်။ အဝတ်တွေ ချွတ်၊ ကိုယ်တုံးလုံး ဓားက်ထိုးဆွဲပြီး လူနှစ်ယောက်က ကြိမ်ဒဏ်ပေးတယ်။ သူတို့ သုံးတဲ့ ကြိမ်လုံးက နွားသိုးတန်ဆာ။ အဲဒီမှာ တမြို့လုံး ကြားရအောင် မိန်းမက အော်ရတယ်။ မီးက ခေါင်းကို စရှို့တော့ နေ့တဝက်လောက် ငယ်သံပါ အောင် အော်နေရတာပေါ့။ ညပိုင်းရောက်မှ တကိုယ်လုံး လောင်ပြီး အသက် ပျောက်တော့တယ်။

အဲဒီလို တရားစီရင်နည်းကို ကောင်းကင်ဘုံက တရားမျှတတယ် လို့၊ ယုံကြည်တယ်လို့ လူတွေက ယုံကြည်ကြတယ်။ ဒါပေမဲ့ ဒီလို ဓလေ့ တွေ ခုခေတ် မလုပ်ကြတော့ပါဘူး။ မူယင်ကိုတော့ အဲသလို လုပ်ကြလိမ့် မယ် မထင်ပါဘူး။

မူရဲ့အိမ်က မနှစ်ကမှ ဆောက်ထားတဲ့ အုတ်တိုက်သေးသေး ကလေး။ "အရှေ့လေ" တည်းခိုခန်းရဲ့ နောက်ဘက်ကပ်လျက်။ ကျွန်တော် နဲ့ ဖင်ပြောင် နှစ်ယောက်သား ကျိုးကန်းတောင်းမှောက်ကြည့်ရင်း လျှောက် သွားကြတယ်။ ဒီဘက်ပိုင်းက ကောင်လေးတွေ သိပ်ဆိုးတယ်လို့ နာမည် ကြီးတဲ့ နေရာလေ။ တခြားရပ်ကွက်က ကောင်လေးတွေ သူတို့လမ်းထဲ ဝင်လာရင် ဖမ်းပြီး ဝိုင်းရိုက်တတ်တယ်။ ကျွန်တော်တို့ဘက်ကို သူတို့ ကူးလာရင်လည်း ကျွန်တော်တို့က တွယ်လွှတ်လိုက်တာကိုး။ ဒါတင် မကဘူး၊ ပါလာသမျှပစ္စည်း အကုန်သိမ်းတယ်။ လောက်လေးခွ၊ လောက်

mgyoe.com

mgyoe.com
SAMPLE BOOK

စာလုံး၊ နံ့ကောင်လှောင်အိမ်ကအစ တစ်ခုမကျန် သိမ်းတာ။ ပြီးတော့ ဒူးထောက်ပြီး ကျွန်တော်တို့ကို အဖေ၊ အဘ ခေါ်ခိုင်းသေးတာ။ ဒီနေ့တော့ လမ်းပေါ်မှာ ကလေး၊ လူကြီး နှစ်ရာလောက် စုနေကြတယ်။ တပ်နီလူငယ်တွေ ဆွဲခေါ်လာမယ့် မူယင်ကို တိုးဝှေ့ကြည့်နေကြတော့ ကောင်လေးတွေ ကျွန်တော်တို့ကို လက်စားချေဖို့ မေ့နေကြတယ် ထင်ပါရဲ့။

ကျွန်တော်တို့ ရောက်သွားတော့ မူယင် ခြံပြင်ရောက်နေပြီ။ လူတွေက လမ်းပေါ်မှာ အပြည့်။ သူ့ဝင်းထဲက ကြိုးတန်းမှာ အရောင်အသွေးစုံ သူ့အဝတ်တွေ လှမ်းထားတယ်။ ကြိုးတန်းမဆံ့လို့ စပျစ်စင်ပေါ်မှာပါ ဖြန့်လှန်းထားသေးတယ်။ ကလေး ခုနစ်ယောက်၊ ရှစ်ယောက် ဝင်ပြီး စပျစ်သီးတွေ ခူးစားနေကြတယ်။ တပ်နီနှစ်ယောက်က မူယင်ကို လက်တစ်ဖက်စီ ဆွဲလာကြတယ်။ အခြား တပ်နီရဲဘော် နှစ်ဆယ်လောက်က နောက်မှာ လိုက်လာတယ်။ သူတို့အားလုံး ကျွန်တော်တို့မြို့က မဟုတ်ဘူး။ "ဒါလီယံ" က ရဲဘော်တွေ။ သူတို့အားလုံး ယူနီဖောင်းကိုယ်စီနဲ့။ ကျွန်တော်တို့ မြို့က မိန်းမပျက်အကြောင်း သူတို့ ဘယ်လိုလုပ် သိသွားကြပါလိမ့်။ မူ့ကို အမနာပ ပြောပြီး ဆဲကြ၊ ဆိုကြပေမဲ့ ရွာသားအချင်းချင်း ဘယ်သူမှ အကြမ်းမဖက်ဘူး။ ဒီတပ်နီတွေက လူစိမ်းတွေ၊ လုပ်ချင်တာ လုပ်ကြမှာ။

ထူးဆန်းတာက မူယင်တယောက် လုံးဝ ဣန္ဒြေမပျက်ဘူး။ ဘာမှလည်း မပြောဘူး။ တပ်နီနှစ်ယောက်က သူ့ကို လွှတ်ပေးလိုက်ကြတယ်။ အနောက်ဘက်လမ်းကို သူတို့နောက်က ကျွန်တော်တို့ တိတ်တိတ်ကလေး လိုက်သွားတယ်။ ကျွန်တော်တို့က နောက်က တပြုံကြီး လိုက်လာကြတယ်။ တချို့ကလေးတွေက သူ့မျက်နှာကို ကြည့်ရအောင် ရှေ့ကို ကျော်ပြေးတက်သွားကြတယ်။

မူက မိုးပြာရောင်ဝတ်စုံနဲ့ ဆိုတော့ တမူထူးနေတယ်။ အမျိုးသမီးတိုင်း အင်္ကျီဘောင်းဘီ ဆင်တူ၊ လုပ်ငန်းခွင် အဝတ် ဝတ်ကြရတဲ့ ခေတ်ကိုး။ မူယင်ဟာ မိန်းမချောတယောက် ဖြစ်တဲ့အကြောင်း ကျွန်တော်တို့ ချာတိတ်တွေတောင် သိတယ်။ ဒီမြို့မှာ အချောဆုံးတောင် ဖြစ်ချင်ဖြစ်မှာ။ ငါးဆယ်တွင်း ရောက်လာပေမဲ့ ဆံပင်တပင်မှ မဖြူဘူး။ နည်းနည်းလေး ဝလာပေမဲ့ အရုပ်အမောင်းကောင်းတော့ သိပ်မသိသာပါဘူး။ မိန်းမကျက်သရေ အပြည့်နဲ့ လှတဲ့ အလှမျိုးပါ။ မိန်းမအများစုရဲ့ မျက်နှာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ ဝါကြန်ကြန်၊ ဖြူရော်ရော် ဖြစ်နေပေမဲ့ မူယင်ရဲ့ မျက်နှာဟာ ကျန်းမာနုပျိုပြီး နို့နှစ်ရောင် ပြေးနေတယ်။

ဖင်ပြောင်က လူအုပ်ထဲက ဘေးထွက်ပြီး စ အော်ပါလေရော။

'အရှက်မဲ့တဲ့ အပျက်မ'

အမျိုးသမီးက ချာတိတ်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်။ သူ့မျက်လုံးတွေ ဝင်းဝင်းတောက်လာတယ်။ နှာခေါင်းဘယ်ဘက်က မှဲ့ဟာ ပိုပြီး နက်ပြောင်လာတယ်။ ဒီမှဲ့အကြောင်း အဘွား ပြောဖူးတယ်။ အဲဒါ စံပယ်တင်မှဲ့ မဟုတ်ဘူး တဲ့။ မျက်ရည်ခံ မှဲ့တဲ့။ မျက်ရည်ထဲမှာ နစ်ပြီး သူ သေမှာတဲ့။

သူ့ကို ဘယ်ခေါ်သွားနေတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ အိမ်ဖြူတော်လို့ ခေါ်တဲ့ ကျွန်တော်တို့ ကျောင်းဘက်ကို သွားနေကြတာပါ။ နှစ်ထပ်တိုက်ဆိုလို့ ကျွန်တော်တို့မြို့မှာ ဒီတခုပဲ ရှိတာကိုး။ လမ်းထိပ်ရောက်တော့ လူပုပုတယောက် လက်ထဲမှာ တုတ်ကိုင်ပြီး မောကြီး ပန်းကြီးနဲ့ ရောက်လာတယ်။ မူယင့်ယောကျ်ား မင်စုပါ။ ဈေးထဲမှာ ပဲမုန့်ရောင်းတဲ့ မင်စု ပေါ့။ လူအုပ်ကြီးရှေ့မှာ သူ တွေ့သွားတယ်။ ဘာလို့ သူ အပြေးအလွှား ရောက်လာတယ်ဆိုတာ မေ့သွားတဲ့ ပုံမျိုး။ ပြီးမှ သူ့နောက်ဘက် လှည့်ကြည့်တယ်။ ဘယ်သူမှ မရှိဘူး။ ခဏနေတော့မှ ရှေ့တိုးလာပြီး တောင်းတောင်း ပန်ပန် ပြောတယ်။

'ရဲဘော် တပ်နီမိတ်ဆွေများ ခင်ဗျာ၊ တဆိတ် သူ့ကို လွှတ်ပေးဖို့ ကျွန်တော် တောင်းပန်ပါတယ်။ အားလုံး ကျွန်တော့် အပြစ်ပါဗျာ၊ သူ့ကို လွှတ်ပေးကြပါ'

သူက ကိုင်လာတဲ့ တံစဉ်ကို ချိုင်းကြားညှပ်ပြီး ရှိခိုးဦးတင် ပြောနေတယ်။

ခေါင်းဆောင်နဲ့ တူတဲ့ အရပ်မြင့်မြင့် အရာရှိက သူ့ကို ဟောက်လွှတ်တယ်။

'ဟေ့ ... ဖယ်စမ်း၊ ဖယ်စမ်း၊ သွား'

'သူ့ကို ခေါ်မသွားကြပါနဲ့ဗျာ။ အားလုံး ကျွန်တော့်အပြစ်ပါ။ ကျွန်တော်ညံ့လို့ ဒီလို ဖြစ်သွားတာပါ၊ ဒီတခါ ခွင့်လွှတ်ပါဗျာ။ သူ့ကို ကျွန်တော် ပြုပြင်ပါ့မယ်။ နောင် ဒီလို မဖြစ်စေရပါဘူး ခင်ဗျာ'

mgyoe.com

mgyoe.com SAMPLE BOOK

လူတွေ သူတို့အနား စုပြုံ တိုးလာကြတယ်။ အသံ စာစာ၊ မျက်နှာလေးထောင့်နဲ့ အမျိုးသမီး တပ်နီတယောက်က ဝင်မေးတယ်။

'ရှင့်အဆင့်က ဘာလဲ'

မင်စုက နားရွက်ကလေးတွေ လှုပ်လာပြီး မျက်ရည်တွေ ကျလာတယ်။

'ကျွန်တော် ဆင်းရဲသား လက်သမားပါဗျာ။ ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါ့မယ် အစ်မရယ်။ သူ့ကို လွှတ်ပေးပါဗျာ'

သူ ထိုင်မချခင် တပ်နီလူငယ်နှစ်ယောက်က အတင်းဆွဲထူလိုက်တယ်။ တယောက်က တံစဉ်ကို သိမ်းလိုက်တယ်။ ခေါင်းဆောင် အရှည်ကြီးက သူ့ပါးကို ဖြတ်ရိုက်ပြီး –

'တော်တော့၊ သူက အဆိပ်ပြင်းတဲ့ မြွေဟောက်မ။ မြွေတွေ၊ ကင်းတွေ နှိမ်နင်းဖို့ ကျုပ်တို့ ကီလိုမီတာ ခုနစ်ဆယ်ကျော်က လာခဲ့ရတာဗျ။ ပြောမရရင် ခင်ဗျားကိုပါ ရောပြီး နှိမ်နင်းရလိမ့်မယ်'

မင်က သူ့မျက်နှာကို ဇရာမလက်ဝါးကြီးတွေနဲ့ အုပ်လိုက်တယ်။ မှုးဝေပြီး လဲကျတော့မလိုပဲ။

လူတောထဲက တယောက်က အော်ပြောတယ်။

'မင်း သူနဲ့အတူတူ အိပ်နိုင်ရင် အတူတူ ခံနိုင်ရမှာပေါ့ကွ'

လူကြီးတွေ ဝိုင်းရယ်ကြတယ်။ ပြီးတော့ 'သူ့ကိုပါ ခေါ်သွားကြပါဗျို့' လို့ ဝိုင်းအော်ကြတယ်။

မိန်းမက စကားတခွန်းမှ မပြောဘဲ သူ့ကို စိုက်ကြည့်နေတယ်။ အံကြိတ်ထားလျက်က မသိမသာ ပြုံးလာတယ်။ မိန်းမရဲ့ အကြည့်ကြောင့် မင်စုတယောက် မျက်နှာရှုံ့မဲ့သွားတယ်။ တပ်နီနှစ်ယောက်က သူ့လက်မောင်းကို လွှတ်ပေးလိုက်ကြတယ်။ ပြီးတော့ လူအုပ်ကြီး ကျောင်းဆီကို ဆက်ချီတက်သွားကြတယ်။

မြို့ကလူတွေက မင်စုကို နှစ်မျိုး မြင်ကြတယ်။ တချို့က မိန်းမလင်ငယ်နေတာကို ပိုက်ဆံရရင် ပြီးရော ဆိုပြီး လက်ပိုက်ကြည့်နေနိုင်တဲ့ လူမျိုးလို့ မြင်ကြပြီး တချို့ကတော့ ပင်ကို သဘောကောင်းတဲ့လူ။ မိန်းမဆိုးမျိုးကိုခံပြီး ကလေးသုံးယောက်ကို သံယောဇဉ်ကြီးတဲ့လူလို့မြင်ကြတယ်။ တကယ်တော့ ကလေးတွေက အရွယ်ရောက်လို့ မြို့တက် အလုပ်လုပ်နေ

mgyoe.com

mgyoe.com SAMPLE BOOK

ကြတော့ သူတို့လင်မယား သိပ် သတိမရကြတော့ပါဘူး။ တချို့ကလည်း မင်က လူပုကလေးမို့၊ ယူမယ့် မိန်းမ မရှိလို့ မူယင့်ဆီက မခွာတာလို့ ပြောကြတယ်။ အဘွားကတော့ ဘာလို့လဲ မသိဘူး၊ မင်စုကို ခင်တယ်။ အထင်လည်း မသေးဘူး။ ကျွန်တော့်ကို ပြောဖူးတာရှိတယ်။ တခါတုန်းက မူယင်ဟာ ရှရှားစစ်သားတသိုက်ရဲ့ မုဒိမ်းကျင့် ခံခဲ့ရဖူးတယ် တဲ့။ ပြီးတော့ မြစ်ကမ်းနဖူးမှာ ဒီအတိုင်း ပစ်ထားခဲ့ကြတယ်တဲ့။ ယောကျာ်းက တိတ်တိတ် ကလေး ပြန်ခေါ်လာခဲ့ရတယ် တဲ့။ တဆောင်းလုံး အိပ်ရာထဲ လဲနေတာကို နေကောင်းလာတဲ့အထိ ပြုစုတယ် တဲ့။

'မင်က အဲဒါလောက် သဘောကောင်းတာ။ အဲဒီအပျက်မနဲ့ လုံးဝ မတန်ဘူး။ ရင်ဘတ်ထဲမှာ အသည်းနှလုံး မရှိတဲ့ မိန်းမ' လို့ အဘွားက ပြောတတ်တယ်။

ကျောင်းကစားကွင်းထဲရောက်တော့ လူနှစ်ရာလောက် စုမိနေပြီ။

'ဟေး... ကြောင်ဖြူနဲ့ ဖင်ပြောင်'

ပုစွန်တုပ်က လက်မြှောက်ပြပြီး ကျွန်တော်တို့ကို အော်ခေါ်တယ်။ သူ့လက်သည်းတွေ ရှည်လှပြီ။ သူနဲ့အတူ ကျွန်တော်တို့ လမ်းထဲက ကောင်လေးတွေ အများကြီး။ ကျွန်တော်တို့နှစ်ယောက် လျှောက်သွားပြီး သူတို့အုပ်စုနဲ့ ပေါင်းလိုက်ကြတယ်။

တပ်နီတွေက မူ့ကို ကျောင်းအပေါက်ဝဆီ ခေါ်သွားကြတယ်။ မုခ်ဝတဖက်စီမှာ ခြသေ့်ရုပ်တကောင်စီ ထိုင်လို့။ အလယ်မှာ စားပွဲနှစ်လုံး ချထားတယ်။ စားပွဲတလုံးပေါ်မှာ ဇရာမစက္ကူဦးထုပ်ကြီး ချထားတယ်။ စာလုံးမည်းကြီးတွေနဲ့ ရေးထားတယ်။

'အပျက်မကို အပြစ်ပေးမယ်'

လူငယ်တယောက်က အရိုးပြိုင်းပြိုင်းကျနေတဲ့ သူ့လက်တဖက် ကို မြှောက်လိုက်ပြီး ကျွန်တော်တို့ကို မိန့်ခွန်း စ ပြောတယ်။

'ရဲဘော်တို့၊ ငါတို့မြို့ရဲ့ မကောင်းဆိုးဝါး မူယင်ကို ငါတို့ ရှုတ်ချဖို့ ဒီနေရာကို ရောက်လာကြတာ ဖြစ်တယ်'

'ဘူဇွာအကျင့်ဆိုးတွေ ကျဆုံးပါစေ'

ပိန်ပိန်ပါးပါး တပ်နီရဲဘော်မတယောက်က အော်လိုက်တော့ ကျွန်တော်တို့အားလုံး လက်သီးလက်မောင်းတန်းပြီး လိုက်အော်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'မကောင်းဆိုးဝါးမ မူယင် ကာလနာ တိုက်ပါစေ'

လက်နှစ်ဖက်လုံး မြှောက်ပြီး သက်လတ်ပိုင်း လူတယောက်က အော်လိုက်ပြန်တယ်။ သူက ကျွန်တော်တို့ ဘုံရိပ်သာက သိပ်တက်ကြွတဲ့ တော်လှန်ရေးသမား။ ကျွန်တော်တို့က အသံကုန် လိုက်ဟစ်ကြပြန်တယ်။

မျက်စိမှုန်မှုန်နဲ့ လူတယောက်က ဆက်ပြောတယ်။

'ပထမဆုံး မူယင်က သူ့အပြစ်ကို ထုတ်ဖော်ဝန်ခံရမယ်။ ပြီးမှ သူ့အပြစ်အတွက်ရယ်၊ သူ့အကျင့်အတွက်ရယ် နှစ်မျိုးစလုံးအတွက် အပြစ်ပေးရမယ်။ သဘောတူကြရဲ့လား ရဲဘော်တို့'

လူအုပ်ကြီးထဲက အသံတွေ ထွက်လာတယ်။

'တူပါတယ်၊ တူပါတယ်'

သူက ရာဇဝတ်သမဘက် လှည့်ပြီး–

'ဟဲ့…မူယင်၊ ကဲ… နင့်အလှည့် ရောက်ပြီ။ အားလုံးကို နင်ဝန်ခံရမယ်'

မူယင့်ကို ခုံတန်းတခုပေါ် တက်ရပ်ခိုင်းလိုက်ကြတယ်။

ကျွန်တော်တို့က လူအုပ်ထဲကနေပြီး မမိမကမ်းနဲ့ ခြေဖျားထောက်ကြည့်ကြတယ်။ သူ့မျက်နှာကို မြင်ရလို မြင်ရငြားပေါ့။

သူ့ကို စ မေးတယ်။

'ခင်ဗျား ဘာလို့ လူတွေကို သိမ်းသွင်းပြီး ဘူဇွာအဆိပ်တွေနဲ့ တော်လှန်ရေးအရှိန် သေသွားအောင် လုပ်တာလဲ'

ခေါင်းဆောင်အရှည်ကြီး မေးပုံက အခံ့အညား။

'ဘယ်ယောကျ်ားကိုမှ ကျွန်မအိမ် မဖိတ်ဖူးဘူး။ ဘယ်တုန်းကမှ မဖိတ်ခဲ့ဘူး'

မူယင်က တည်တည်ငြိမ်ငြိမ် ပြန်ပြောပြီး လူအုပ်ကြီးရဲ့ ရှေ့တန်းမှာ ရပ်နေတဲ့ ယောကျ်ားကို လှမ်းကြည့်လိုက်တယ်။ သူက ဘာမှ မဖြစ်သလို ငူငူကြီး ရပ်နေတယ်။ ရှုးသွားပြီလား မသိ။

'ဒါဆို အဲဒီယောကျ်ားတွေက တခြားအိမ် မသွားဘဲ ဘာပြုလို့ ခင်ဗျားအိမ်ကို ရွေးလာကြတာလဲ'

'ကျွန်မနဲ့ အိပ်ချင်လို့ ဖြစ်မှာပေါ့'

mgyoe.com

mgyoe.com SAMPLE BOOK

'အရှက်မရှိလိုက်တဲ့ မိန်းမဟာယ်'

လူအုပ်ထဲက အမျိုးသမီးတွေရဲ့ အသံတွေ။

'တကယ် အပျက်မပဲ'

'သူ့ကို တစစီဖြစ်အောင် လုပ်ကြမယ်'

'အဲဒီ စုတ်ပဲ့တဲ့ ပါးစပ်ကို ဆွဲဖြဲပစ်ရမယ်'

မူယင်က အသံကိုမြှင့်ပြီး အော်ပြောလိုက်တယ်။

'ဒီမယ် မိန်းမတွေ၊ ကောင်းပြီ။ တခြားယောကျ်ားတယောက်နဲ့ မအိပ်ရဘူး၊ ဟုတ်လား။ အိပ်ရင် ဘယ်လိုနေမယ်ဆိုတာ နင်တို့အားလုံး သိတယ်။ မသိဘူးလား ပြော၊ နင်တို့အကြောတွေ၊ အရိုးတွေထဲက အဲဒီ ချင်ခြင်းမျိုး မဖြစ်ဖူးဘူးလား'

ရှေ့တန်းက ပိန်ခြောက်နေတဲ့ သက်လတ်ပိုင်း မိန်းမတသိုက်ကို ကြည့်ပြီး မူယင် ပြောလိုက်တာပါ။

'ဒီမှာ ကြည့်စမ်း၊ တကယ့်ယောကျ်ားပီသတဲ့ ယောကျ်ားတယောက် ရဲ့ ရင်ခွင်ထဲကို နင်တို့ ရောက်သွားကြည့်စမ်း။ နင့်တကိုယ်လုံး ပုံအပ် ကြည့်စမ်း။ အဲဒီတော့မှ မိန်းမသားရဲ့ ဘဝကို နင်တို့ အပြည့်အဝ ခံစားရ မှာ။ အဲဒီလူနဲ့မှ မိန်းမ ဖြစ်ရကျိုးနပ်မှာ...အဲဒီလူနဲ့မှ...'

'ရော့... မိန်းမယုတ်၊ နင် ဒါပဲ ရမယ်'

ဗလကောင်းကောင်း ယောကျ်ားတယောက်က ပြေးဝင်လာပြီး ပြောပြောဆိုဆို မူယင့်နံဘေးကို လက်သီးနဲ့ တအား စွတ်ထိုးထည့်လိုက် တယ်။ လက်သီးဒဏ်ကြောင့် မူယင် လုံးဝ စကားမဆက်နိုင်တော့ဘဲ နံဘေး နှစ်ဖက်ကို လက်နဲ့နှိပ်ပြီး ငြိမ်ကျသွားတယ်။ အသက်ကို မနည်းရှူနေရ တယ်။

ရှေ့တန်းမှ ဖင်ပြောင့်အမေက မူယင့်ကို လက်ညှိုးငေါက်ငေါက် ထိုးပြီး–

'နင် အယူလွဲနေတယ် မူယင်။ နင့်မှာ ကာမပိုင်ယောကျ်ား ရှိနေ တာပဲ။ ဒုက္ခိတလည်း မဟုတ်ဘူး။ လူစဉ် မမီတဲ့ အကျိုးအပြတ်လည်း မဟုတ်ဘူး။ တခြားယောကျ်ားတယောက်နဲ့ အိပ်တာ၊ သူ့ဆီက ပိုက်ဆံ ယူတာ လုံးဝ မှားတယ်လေ'

မူယင်က သူ့ယောကျ်ားကို လှမ်းကြည့်လိုက်ပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဟုတ်တယ်။ ငါ့မှာ ယောက်ျား ရှိတယ်။ သူက ဘာမှ အသုံး မကျဘူးလေ။ အိပ်ရာထဲမှာ ပြောတာ။ သူ့ဆီက ငါ ဘာမှ မခံစားရဘူး'

လူကြီးတွေ ဝိုင်းရယ်ကြတော့ ပုစွန်တုပ်က ဖင်ပြောင်ကို မေး တယ်။

'ဘာလို့ ရယ်တာလဲကွ၊ ဘာရယ်စရာ ပါလို့လဲ'

ဖင်ပြောင်က စိတ်မရှည်တဲ့ ပုံစံနဲ့–

'မင်း ဘယ်သိမလဲ၊ ယောက်ျားနဲ့မိန်းမ ဘာတွေလုပ်တယ်ဆိုတာ မင်းမှ နားမလည်တာ။ ဟော့ကောင် မှတ်ထား၊ မိန်းမက မလိုဘဲ ယောက်ျား က သွားကပ်ရင် သေပြီသာ မှတ်'

'အဲဒီလိုလဲ မဟုတ်ဘူး ထင်ပါတယ်ကွာ' လို့ ကျွန်တော်က ဝင်ပြောလိုက်တယ်။

ကျွန်တော်တို့ ငြင်းနေတုန်း မင်းအိုးကြီးတလုံး မူယင့်ခေါင်းကို လာမှန်တယ်။ ခုံရှည်ပေါ်ကနေ မူယင် ထိုးကျသွားတယ်။ သမံသလင်းပေါ် ဇောက်ထိုး ကျသွားတာ။ သူက အော်ငိုရင်း ကိုင်တုပ်ပါလေရော။

'သေခြင်းဆိုးတွေ၊ တမျိုးလုံး ကာလနာတိုက်ပါစေ၊ ငါ့ကို လုပ်တဲ့ ကောင် တသက်လုံး ကလေးမရပါစေနဲ့၊ မျိုးတုံးပါစေ၊ လူညွန့်တုံးပါစေ'

မူယင်က ဦးခေါင်းကို လက်နှင့်သပ်ရင်း –

'ကြည့်စမ်း၊ ငါ့သားအရွယ်တွေ၊ နင်တို့ ဒီလိုပဲ စော်ကားရသလား ဟင်၊ အို...ဘုရားသခင်'

'အပြစ်ရှိလို့ ခံရတာ၊ ဘာ ခုမှ ဘယ်ဘုရား တ နေတာလဲ'

'အပေါစား အပျက်မ၊ ကြေးစားမ'

'လည်ပင်းဖြတ်ပစ်တောင် သောက်ကျင့် ပျောက်မှာ မဟုတ်ဘူး'

'ဝက်ဖြစ်သွားပြီးရင် ချေးမစားဘဲ မနေနိုင်တော့ဘူး'

ခုံပေါ်မှာ သူ့ကို ပြန်ရပ်ခိုင်းတော့ သူ့အမူအရာ လုံးဝပြောင်းသွား တယ်။ သူ့အပေါ်ပိုင်း မင်တွေနဲ့ ပြာနှမ်းသွားပြီ။ နားထင်ကနေ အောက် ပိုင်းမှာတော့ အနီရောင်အစင်းကလေး။ နေက တအားပူလာပြီ။ မဲပြာသွား တဲ့ သူ့အသားတွေ မီးလောင်ကျွမ်းတော့မလိုဘဲ။ စောစောက သူ့ယောက်ျား ရပ်နေတဲ့နေရာကို လှမ်းကြည့်လိုက်တယ်။ မင်စု မရှိတော့ဘူး။

'အရပ်ပျက်မကြီးကို သတ်ပစ်'

mgyoe.com

mgyoe.com
SAMPLE BOOK

လူအုပ်ထဲက လယ်သမားတယောက် ထအော်တော့ ကျွန်တော်တို့လည်း သံပြိုင်လိုက်အော်ကြတာပေါ့။ ရပ်နေရင်း သူ တဖြည်းဖြည်း တုန်လာတယ်။

တပ်နီခေါင်းဆောင် အရှည်ကြီးက ကျွန်တော်တို့ကို လှမ်းပြောတယ်။

'ဒီမိန်းမ တန်ပြန်တော်လှန်ရေး လေတွေ ဆက်မတိုက်နိုင်အောင် ပထမဆုံး သူ့ကို ငါတို့ ခေါင်းတုံး တုံးပစ်ရမယ်'

ပြောပြီး သူ့ရဲဘော်တွေကို လက်ယပ်ခေါ်လိုက်တယ်။ ရဲဘော်လေးယောက် ထွက်လာပြီး မူယင့်ကို ခုံပေါ်က ဆွဲချလိုက်ကြတယ်။ မျက်နှာလေးထောင့်နဲ့ ရဲဘော်မ တယောက်က သူ့ရဲ့ လှိုင်းထနေတဲ့ ဆံပင်တွေထဲကို ကက်ကြေးထိုးသွင်းလိုက်တယ်။

'မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့၊ ဒါတော့ ချမ်းသာပေးကြပါ။ ကယ်တော်မူကြပါ'

'ညှပ်၊ ညှပ်၊ ပြောင်အောင် ညှပ်ပစ်'

တယောက်ရဲ့အော်သံ။ နောက်တယောက်က ထောက်ခံတယ်။

'ခေါင်းတုံးရိတ်ပြီး ပြောင်နေအောင်တုံးပစ်'

အမျိုးသမီးရဲဘော်မက တော်တော်ကျွမ်းတယ်။ လေး ငါး ချက်နဲ့ မူယင့်ခေါင်းတခုလုံး အမွေးနုတ်ပြီးသား ကြက်မတကောင်လို ဖြစ်သွားတယ်။ အမျိုးသမီးက ဆက်ညှပ်တယ်။

လေတချက် အဝှေ့မှာ သူ့ဆံပင်တွေ မြေကြီးပေါ် လွင့်ပြန့်ကျကုန်တယ်။ နေက ပူသထက်ပူလာတော့ လူတွေ ချွေးတလုံးလုံး ဖြစ်လာတယ်။

ဝူး...ဝူး...ဝူး... သုံးနာရီခွဲရထား ဝင်လာသံ ကြားရတယ်။ လူစီးရထား မဟုတ်ဘူး။ ကုန် ရထား။ စက်ဗိုလ်က ခပ်ငယ်ငယ်။ ကွင်းထဲမှာ ကောင်မလေးတွေ လှမ်းမြင်တိုင်း ဥသြဆွဲတတ်တယ်။

မူယင့်ကို ဆက်စစ်ကြတယ်။

'ဒီနှစ်ထဲမှာ ခင်ဗျားနဲ့ လာအိပ်တဲ့လူ ဘယ်နှယောက်ရှိပြီလဲ'

'သုံးယောက်'

'အလကား လိမ်ပြောတာ'

လူအုပ်ထဲမှ မိန်းမတယောက်က အော်ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'အမှန်အတိုင်း ပြောတာပါဟယ်'

မျက်ရည်တွေကို လက်ခုံနဲ့သုတ်ရင်း ပြန်ပြောတယ်။

'ဘယ်သူတွေလဲ၊ သူတို့အကြောင်း ပြောပြ'

လူငယ်တယောက်က ထပ်မေးတယ်။

'နဂါးလေးကောင်က အရာရှိတယောက်ရယ်...'

'သူ ဘယ်နှခါ လာသလဲ'

'သေသေချာချာ မမှတ်မိဘူး။ အခါနှစ်ဆယ်လောက် ရှိမယ်'

'သူ့နာမည် ဘယ်သူလဲ'

'မသိဘူး၊ အရာရှိကြီးကြီးလို့ ပြောတာပဲ'

'သူ့ဆီက ပိုက်ဆံရလား'

'ရတယ်'

'တခါ ဘယ်လောက်ရလဲ'

'ယွမ်နှစ်ဆယ်'

'စုစုပေါင်း ဘယ်လောက်လဲ'

'ငါးရာလောက် ရှိမယ်'

လူငယ်က ကျွန်တော်တို့ဘက် လှည့်ပြီး –

'ရဲဘော်တို့၊ တော်လှန်ရေးသမား အပေါင်းတို့ခင်ဗျား၊ တော်လှန်ရေး ရဲဘော်တယောက်ရဲ့ သွေးကို စုပ်ယူတဲ့ ဒီအမျိုးဖျက်မကို ကျွန်တော်တို့ ဘယ်လို ဆုံးမကြမလဲ'

'မြင်းဇောင်းထဲမှာ မြင်းသိုးလေးကောင်နဲ့ လွှတ်ပေးလိုက်'

အဘွားကြီးတယောက် အော်ပြောလိုက်တာပါ။

'မီးသဂြိုဟ်ပစ်လိုက်'

'မျက်နှာကို မစင်နဲ့ ပက်'

ဝဝတုတ်တုတ် ကောင်မလေးတယောက်က မူရဲ့ မျက်နှာကို လက်ညှိုးထိုးပြီး၊ ပစ္စတိုနဲ့ ချိန်သလို ချိန်ပြီး အော်ပြောတော့ လူကြီးတွေ ဝိုင်းရယ်ကြတယ်။

ကင်းဘက် ဖိနပ်စုတ်တစ်ရန် နောက်တန်းတွေကတဆင့် ရှေ့ဆုံးတန်းကို ရောက်လာတယ်။ ဖိနပ်စုတ်ဟာ လူတကာနဲ့ ဖောက်ပြန်တဲ့ မိန်းမရဲ့ သင်္ကေတလေ။ မိန်းကလေးတယောက်က ဖိနပ်ကို ယူပြီး မူရဲ့ လည်ပင်းမှာ

mgyoe.com

mgyoe.com

သွားချည်ပေးမယ်လုပ်တော့ မူယင်က ဖိနပ်ကို ဆွဲယူပြီး လွှင့်ပစ်လိုက်တယ်။ အဲဒီမှာ ဗလကောင်းကောင်း လူကြီးတယောက်က ဖိနပ် ပြေးကောက်ပြီး သူ့ပါးကို ရိုက်ဖို့ ရွယ်ရင်း မေးတယ်။

'ဒါလောက် ခေါင်းမာတဲ့ ကောင်မ၊ နင့်ကိုယ်နင် ပြင်မလား၊ မပြင်ဘူးလား ပြော'

မူယင် မလှုပ်ရဲတော့ဘဲ ပြန်ပြောတယ်။

'ပြင်ပါ့မယ်'

အဲဒီအချိန်မှာ ဖိနပ်ကို သူ့လည်ပင်းမှာ ဆွဲချိတ်ပြီးနေပြီ။

'အင်း... ခုမှ သူ ဖာသည်နဲ့ တူသွားတယ်'

မိန်းမတယောက်ရဲ့ ဝေဖန်သံ။

လယ်သမားတယောက်က အော်ပြောတယ်။

'တို့အတွက် သီချင်းတပုဒ် ဆိုပြပါလားဟယ်'

မျက်မှန်နဲ့ လူတယောက်က အော်ပြောတယ်။

'ကဲ... ရဲဘော်တို့၊ ငါတို့ အပုပ်ချပွဲ ဆက်ရအောင်'

မူ ဘက်ကို လှည့်ပြီး ဆက်မေးတယ်။

'ကဲ... ပြောပါဦး၊ တခြားဖောက်သည်တွေက ဘယ်သူတွေလဲ'

'ပန်းသီးရွာက လူတယောက်'

'သူနဲ့က ဘယ်နှခါလဲ'

'တခါတည်း'

'သူ ညာပြောတာကွ'

'ပါးကို ဖြတ်ရိုက်လိုက်လေ'

တယောက်တပေါက် ပြောနေတဲ့လူတွေ ငြိမ်သွားအောင် လူငယ်တယောက်က လက်မြှောက်ပြလိုက်တယ်။

'သူ့ဆီက ဘယ်လောက်ရသလဲ၊ ပြောလေ'

'ယွမ်ရှစ်ဆယ်'

'တညတည်း၊ ဟုတ်လား'

'ဟုတ်တယ်'

'ကဲ...ဆက်ပြော၊ ခင်ဗျား ကျုပ်တို့ကို ဘယ်လောက် ဆက်ဖြီးဦး မလဲ'

mgyoe.com

'အဲဒီအဘိုးကြီးက ဝက်ပေါက်စကလေးတွေ ရောင်းဖို့ မြို့တက်လာတာ။ တအုပ်လုံးရောင်းတာ ရှစ်ဆယ်ရတယ်။ အဲဒီပိုက်ဆံ ကျွန်မ ရလိုက်တယ်လေ'

'သူ့ကို ဘာကြောင့် အရာရှိထက် ပိုယူတာလဲ'

'ပိုမယူပါဘူး။ သူက တညတည်း လေးခါယူတာကိုး'

လူတချို့ ပြုံးကြတယ်။ တချို့ကလည်း တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြတယ်။

'သူ့နာမည် ဘယ်သူလဲ'

လူငယ်တယောက်က မေးလိုက်တယ်။

'မသိဘူးလေ'

'သူက ချမ်းသာလား၊ ဆင်းရဲလား'

'လူဆင်းရဲ တယောက်ပါ'

အဲဒီမှာ လူငယ်က ကျွန်တော်တို့ဘက် လှည့်ပြီး အော်ပြောတယ်။

'ရဲဘော်တို့၊ အဲဒီလူကြီးဟာ တနှစ်စာ စားဖို့ ဝက်ကလေးတွေ မြို့တက်ရောင်းရရှာတာ။ သူတို့မိသားစုရဲ့ ဆီဖိုး၊ ဆန်ဖိုးလေးကို ဒီမိန်းမက သိမ်းပိုက်လိုက်တယ်။ ဘယ်လိုအပြစ်မျိုး ပေးရမလဲ'

'သတ်ပစ်၊ သတ်ပစ်'

'ခေါင်းကို ရိုက်ခွဲ'

'သွေးထွက်အောင် ရိုက်သတ်'

လယ်သမားတချို့ ရှေ့တိုးလာကြတယ်။ လက်သီးတပြင်ပြင်နဲ့။ ရင်ဘတ်မှာ ဥက္ကဋ္ဌကြီးမော်ရဲ့ တံဆိပ်ကြီး ဆွဲထားတဲ့ ရဲဘော်မတယောက်က—

'ခဏနေကြပါဦး၊ ဥက္ကဋ္ဌကြီးက ကျွန်မတို့ကို သင်ကြားထားတာ ရှိတယ်။ "ကျွန်မတို့ တိုက်ပွဲဝင်တဲ့ နေရာမှာ စကားလုံးတွေ လိုတယ်၊ အင်အားမလိုဘူး" တဲ့။ သူ့ကို စကားလုံးတွေနဲ့ ကျွန်မတို့ ဆုံးမနိုင်တယ်၊ ပြုပြင်နိုင်တယ်။ အင်အားသုံးဖို့ မလိုဘူး'

လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့လူတွေ ငြိမ်သွားတယ်။

ဝူး...ဝူး...ဝူး...ဝူး...မီးရထား စက်ခေါင်းသံက စူးစူးရှရှ ဥသြသံနဲ့ အတူ တောင်ဘက်က ထွက်လာတယ်။ ထူးဆန်းနေတယ်။ လေးနာရီ ရထား စက်ဗိုလ်တွေက အဘိုးကြီးတွေ။ ဥသြ ဆွဲခဲတယ်။

mgyoe.com

mgyoe.com

'တတိယလူက ဘယ်သူလဲ'

မျက်စိမှုန်မှုန်နဲ့ လူက ဝင်မေးတယ်။

'တပ်နီရဲဘော် တယောက်'

လူအုပ်ထဲက ရယ်သံတွေ ထွက်လာတယ်။ အမျိုးသမီးတချို့က တပ်နီရဲဘော်တွေကို–

'ဒီဟာမကို နောက် မင်တအိုးလောက် ထပ်လောင်းပါလား' လို့ အော်ပြောကြတယ်။

လူငယ်ရဲဘော်က ဆက်မေးတယ်။

'မူယင်၊ ခင်ဗျား စကားနောက် တရား ပါတယ်နော်။ ထိန်းထိန်း သိမ်းသိမ်း ပြောပါ'

'အမှန်အတိုင်း ပြောတာပဲ'

'သူ့နာမည် ဘယ်သူလဲ'

'မသိဘူး၊ ပြီးခဲ့တဲ့လက နယ်လှည့်စည်းရုံးရေးအဖွဲ့နဲ့ ပါလာတာ၊ သူက ခေါင်းဆောင်တဲ့'

'သူနဲ့ ဘယ်နှခါလဲ'

'တခါတည်း'

'သူဆီက ဘယ်လောက် ရိတ်လိုက်သလဲ'

'တပြားမှ မရဘူး။ သူတောင်းစား၊ ကပ်စေးနှဲ'

'ဟုတ်လား၊ ခင်ဗျား ခံလိုက်ရတယ်ပေါ့'

လူတချို့ ကျိတ်ရယ်သံ ထွက်လာတယ်။ မူယင်က နှာခေါင်းကို လက်မနဲ့ ပွတ်တော့ နှုတ်ခမ်းမွေး ဆွဲလိုက်သလို ဖြစ်သွားတယ်။

'ဒါပေမဲ့ သူ့ကို မှတ်လောက် သားလောက်အောင်တော့ လုပ်ပေးလိုက်တယ်'

'ဘယ်လို လုပ်လိုက်သလဲ'

'နားရွက်ဆွဲပြီး ဆောင့်ကန်ထည့်လိုက်တယ်။ နောက်ဘယ်တော့မှ မလာနဲ့လို့ အပြတ်ပြောလိုက်တယ်'

လူတွေ တီးတိုးတီးတိုး ဖြစ်လာပြန်တယ်။ တချို့က မူယင်ဟာ ယောကျ်ားတယောက်လို သန်တဲ့အကြောင်း၊ တချို့ကလည်း တပ်နီရဲဘော်

mgyoe.com

mgyoe.com SAMPLE BOOK

တွေ မနိပ်တဲ့အကြောင်း၊ အပျော်အိမ်သွားပြီး ပိုက်ဆံမပေးခဲ့တဲ့အကြောင်းတွေ အမျိုးမျိုး ဝေဖန်ကြတယ်။

အရှည်ကြီးက ပြောတယ်။

'တော်လှန်တဲ့ ပြည်သူများခင်ဗျား၊ မူယင်ရဲ့ အပြစ်တွေကို ကျွန်တော်တို့ ကြားနာပြီးပါပြီ။ သူဟာ ကျွန်တော်တို့ ရဲဘော်တယောက်ကိုရော၊ လယ်သမားတယောက်ကိုပါ အဆိပ်ရည် တိုက်ကျွေးခဲ့ပါတယ်။ တပ်နီတယောက်ကိုလည်း ရိုက်နှက်၊ ကန်ကျောက်ခဲ့ပါတယ်။ သူ့ကို ဒီအတိုင်း ပြန်လွှတ်လိုက်ရမလား။ ဒီပြစ်မှုမျိုး နောက်နောင် မကျူးလွန်ရဲအောင် အပြစ်မပေးသင့်ဘူးလား'

'သင်ခန်းစာ ပေးပါ၊ အပြစ် ပေးပါ'

ပရိသတ် ဝိုင်းအော်ကြတယ်။

'သူ့ကို လမ်းပေါ်မှာ လျှောက်သွားခိုင်းပါ'

တပ်နီရဲဘော်တွေ သူ့ကို ခုံပေါ်မှ ဆွဲချလိုက်ကြတယ်။ တယောက်က ဖောက်နက်နက် ဦးထုပ်ကြီးကို ကောက်ယူလိုက်တယ်။

မူယင်က တောင်းပန်တယ်။

'အစ်ကိုတို့ အစ်မတို့ရယ်၊ မလုပ်ကြပါနဲ့ရှင်၊ ကျွန်မ နောက် ဒီအလုပ်မျိုး မလုပ်တော့ပါဘူး၊ ကယ်ကြပါဦး'

သို့သော် ဘယ်သူမှ သူ့စကားကို နားမထောင်တော့ဘူး။ စက္ကန့်ပိုင်းအတွင်း စက္ကူဦးထုပ်ကြီးကို သူ့ခေါင်းပေါ် စွပ်ပေးလိုက်ကြတယ်။ တချို့က ရေမ စာတမ်းကြီးကို သူ့လည်ပင်းမှာ ဆွဲပေးလိုက်တယ်။ ရေးထားတဲ့ စာလုံးတွေက–

ကျွန်မဟာ ဖိနပ်စုတ် ဖြစ်ပါတယ်။

ကျွန်မကို သေဒဏ် ပေးသင့်ပါတယ်။

ပြီးတော့ သူ့လက်ထဲကို မောင်းတလုံး ထည့်ပေးလိုက်ပြီး ထုခိုင်းတယ်။ ပြီး စာတမ်းမှာ ပါတဲ့အတိုင်း အော်ခိုင်းတယ်။

ကျွန်တော်တို့အဖွဲ့တွေက လူအုပ်ကြီးနဲ့ လျှောက်ပြီး လိုက်နေရတာ ပင်ပန်းလှပြီ။ အရှေ့ပိုင်းက ကောင်လေးတွေ သောင်းကျန်းစ ပြုလာပြီ။ မူယင့်ကို နောက်ဘက်က ကျောက်ခဲနဲ့ ဝိုင်းပေါက်ကြတယ်။ ခေါင်းထိသွားတော့ သွေးတွေ လည်ပင်းမှာ စီးကျလာတယ်။ သူတို့အဖွဲ့ကို တပ်နီ

mgyoe.com

လူငယ်တွေက အတင်းဝင်တားတယ်။ သူတို့အထဲက တယောက်ကို မျက်နှာတည့်တည့် ခဲမှန်သွားလို့လေ။

ကျွန်တော်တို့နဲ့အတူ မလိုက်နိုင်တဲ့ သက်ကြီးရွယ်အိုတွေက ပြတင်းပေါက်နားက ကုလားထိုင်မှာထိုင်ပြီး ဆေးတံခဲရင်း လှမ်းကြည့်နေကြတယ်။ ကျွန်တော်တို့က လမ်းတကာ လျှောက်သွားနေကြတာကိုး။ လမ်းထောင့်တွေမှာ တခါတလေပဲ နားကြတယ်။

'ဒူ…ဟူ…ဟူ…'

မူယင်က မောင်းထုပြီး အော်တယ်။

'ကျွန်မ မကောင်းဆိုးဝါးပါ ရှင်'

'ကျယ်ကျယ် အော်'

'ဒူ…ဒူ…ဟူ…ဟူ… ကျွန်မဟာ ဖိနပ်စုတ်ပါရှင်၊ ကျွန်မကို သေဒဏ်ပေးကြပါ'

ကျွန်တော်တို့ ဈေးပိုင်းကို ကျော်လာတော့ လမ်းကြားတခုထဲက ပြေးထွက်လာတဲ့ "ခွေးစောင်း" နဲ့ တွေ့တယ်။ သူက ကျွန်တော်နဲ့ ဖင်ပြောင့်လက်ကို ဆွဲပြီး–

'ဟေ့… ဘူတာရုံမှာ လူတယောက် သေလို့တဲ့၊ လာ သွားကြည့်ရအောင်'

သေတယ်ဆိုတဲ့ သတင်း ကြားလိုက်ကတည်းက ကျွန်တော်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ အားလုံး ကျွန်တော်တို့အရွယ် ခြောက်ယောက် ဘူတာဆီ ပြေးထွက်လာခဲ့ကြတယ်။

လက်စသတ်တော့ သေတဲ့လူက မင်စု ဖြစ်နေတယ်။ ဘူတာရုံနဲ့ ကိုက်နှစ်ရာလောက်မှာ လူတွေ စုပြုံနေကြတယ်။ လူတချို့က သံလမ်းကို ငုံ့ကြည့်နေကြတယ်။ သံလမ်းပေါ်မှာ သွေးတွေ၊ အသားစတွေ နိုင်းချင်းဖြစ်နေတယ်။ လူတယောက်က အမှောင်ထဲ ဆက်လျှောက်သွားပြီး ရထားအောက်မှာ ပေ ခုနစ်ဆယ်လောက် မင်စု ပါသွားတယ်လို့ ပြောတယ်။ တနေရာမှာ မင်စုရဲ့ ကိုယ်ပိုင်းဟာ ခေါင်း မရှိတော့ဘူး။ သူ့ကိုယ်မှာ ခြေထောက်တဖက်ပါ မရှိတော့ဘူး။ သူ့ခန္ဓာကိုယ်ကြီးဟာ အမဲသားဆိုင်က အသားတုံးကြီးလို ဖြစ်နေတယ်။ ဆယ်ပေလောက်အကွာမှာ မြက်ဦးထုပ်လွင့်ကျနေတယ်။ ဦးထုပ်အောက်မှာ သူ့ခေါင်းရှိတယ်လို့ ပြောနေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖင်ပြောင်နဲ့ကျွန်တော် ကြည့်ဖို့ ဦးထုပ်ဆီကို လျှောက်သွားကြတယ်။ ကျန်တဲ့ ကောင်လေးတွေ လိုက်မကြည့်ရဲကြဘူး။ ကျွန်တော်တို့နှစ်ယောက် တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြတယ်။ ဦးထုပ်ကို ဘယ်သူ သွားလှန်ကြည့်မလဲပေါ့။

ကျွန်တော်က ဓားကောက်ကို ဆွဲထုတ်လိုက်တယ်။ ဓားဦးနဲ့ ဦးထုပ်အနားကို ကလော်ပြီး အသာပင့်မ ကြည့်လိုက်တော့ ယင်မ မည်းကြီးတွေ အုံလိုက် ထ ပျံသွားတယ်။ သည်တော့မှ ကျွန်တော်တို့ ငုံ့ကြည့်လိုက်ကြတယ်။ အပေါ်သွားခေါခေါ နှစ်ချောင်းက နှုတ်ခမ်းကို ဖောက်ပြီး အပြင်ထွက်နေတယ်။ မျက်လုံးတဖက် မရှိတော့ဘူး။ ဆံပင်ဖြူဖြူတွေကို သွေ့တွေ၊ ရေတွေ ဖုံးနေပြီ။ ကင်းလိပ်ချောတကောင် နံဘေးက ဖြတ်ပြေးသွားတယ်။

'အား… ဝေါ့'

ဖင်ပြောင်က ထိုးအန်နေပြီ။ ပြောင်းဖူးတွေ၊ ပဲသီးတွေ ရောင်စုံ အန်ထွက်လာတယ်။

'ဟေ့ ကြောင်ဖြူ၊ မင်းတို့ သွားကြ' ဆိုပြီး ကျွန်တော်တို့ကို မောင်းထုတ်လို့ ဘူတာရုံဘက်ကို ကျွန်တော်တို့ လျှောက်ပြန်လာခဲ့ကြတယ်။ လူတွေ ထင်ကြေးအမျိုးမျိုး ပေးနေကြတယ်။ တချို့က ရထားလမ်းဘေးမှာ သူ မူးပြီး လျှောက်ရင်း ရထားအောက် လဲကျသွားတာတဲ့။ တချို့က သူ အိပ်ပျက်တာတွေ များတော့ သံလမ်းပေါ် လျှောက်ရင်း အိပ်ပျော်သွားပြီး မျက်နှာချင်းဆိုင်က လာနေတဲ့ ရထားနဲ့ တည့်တည့်သွားတိုးတာတဲ့။ တချို့က စောစောတုန်းကပဲ သူ့ကို တွေ့လိုက်သေးတယ်။ မမူးပါဘူးတဲ့။ မူးသည် ဖြစ်စေ၊ မမူးသည် ဖြစ်စေ မင်စုကတော့ သံလမ်းပေါ်မှာ တစစီ ဖြစ်သွားပြီ။

အဲဒီည ကျွန်တော် အိမ်ပြန်လာတော့ အမှောင်ထဲက မူယင်ရဲ့ အော်ညည်းသံ ကြားလိုက်တယ်။

'အမယ်လေး၊ ငါ့ကို အိမ်ပြန်ပို့ ပေးကြပါ၊ ခြေသံကြားတယ်၊ ဘယ်သူလဲ၊ ငါ့ကို ကူညီပါဟယ်။ အိမ်ပြန်ပို့ပေးပါ'

ဘတ်စ်ကား မှတ်တိုင်မှာ သူ တယောက်တည်း လဲနေတာ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

လူဖြစ်အောင် မလုပ်နိုင်သည့်အခါ

"ဟောအိုနန်" တယောက် နွေဦးပွဲတော်မှာ အပျော်ကြီးပျော်နေခဲ့တယ်။ ဟောဒီရွာမှာ အလှဆုံး "ဆိုယန်" နဲ့ ပြီးခဲ့တဲ့အပတ်က ကြောင်းလမ်း ဖြစ်ခဲ့လို့လေ။ အလံတိုင်ရွာမှာ ဆိုယန်ဟာ တကယ့် အချောဆုံးကလေးပါ။ အရပ်မြင့်မြင့်နဲ့ ခေတ်ပညာတတ် မိန်းကလေး။ ရိုးရာဓလေ့အတိုင်း သတို့သားက ခန်းဝင်ပစ္စည်းတွေ တင်တောင်းရတယ်။ သူ့မိဘတွေ ရှိစုမဲ့စု ပြောင်သလောက် ဖြစ်သွားတယ်။ ပိုးဂွမ်းကပ် ရှစ်ခု၊ ငါးမိတာရှည်တဲ့ သိုးမွေးတစ၊ သားရေရှူးဖိနပ် ခြောက်ရန်၊ နိုင်လွန်ခြေအိတ် လေးဒါဇင်၊ လက်ပတ်နာရီ တလုံး၊ ဓာတ်ဘူး နှစ်လုံး၊ အပ်ချုပ်စက် တလုံး၊ စက်ဘီး တစီး၊ ကျွန်းသေတ္တာကြီး နှစ်လုံး။ သို့သော် နန်ရဲ့ မိဘတွေ ပျော်နေကြတယ်။ ဆိုယန်တို့ မိသားစုက ရွာမှာ အချမ်းသာဆုံး မဟုတ်လား။ ပြီးတော့ ယန်က တဦးတည်းသော သမီး။ မင်္ဂလာဆောင်ဖို့ကို နောင်နှစ် မိုးဦးကျလပြည့်နေ့လို့ သတ်မှတ်လိုက်ကြတယ်။ စေ့စပ်ကြောင်းလမ်းပွဲမှာ အလျှံပယ် ကျွေးလိုက်လို့ ပိုက်ဆံ မကျန်သလောက် ဖြစ်သွားပေမဲ့ နန့်မိဘတွေ သိပ် မပူကြဘူး။ သမီးနှစ်ယောက်က အရွယ်ရောက်နေပြီလေ။ တယောက်ကို လက်ထပ်ပေးလိုက်ရင် နန်တို့ မင်္ဂလာပွဲအတွက် အကျွေးအမွေး ကိစ္စ မပူရတော့ဘူးပေါ့။

နွေဦးပွဲတော် တတိယနေ့မှာ နန်နဲ့ အခြားလူငယ် လေးယောက် သူတို့ကျေးရွာ ပြည်သူ့စစ်ရုံးခန်းမှာ ဂျူတီကျကြတယ်။ ရွာမှာ "ဒါလီယန်"

mgyoe.com

mgyoe.com SAMPLE BOOK

ပြန် ခေတ်ပညာတတ်တွေချည်းပဲမို့ လူငယ်တွေ အားလုံးလိုလို မိသားစုတွေနဲ့ မြို့တက်ပြီး ပျော်နေကြတယ်။ ဒါကြောင့် ရွာမှာ ကျန်တဲ့ လူငယ်တွေက သူတို့အတွက်ပါ ကင်းတာဝန်တွေ အလှည့်နဲ့ ပိုယူကြရတယ်။ အချိန်ပို လစာရလို့ ဘယ်သူမှ မညည်းကြဘူး။ ရှစ်နာရီလုံးလုံး ရုံးမှာနေပြီး ရွာထဲ တပတ်လျှောက်ကြည့်ရုံလောက်ပဲ အပြင်ထွက်ကြတယ်။

အပြင်မှာ ဆီးနှင်းပေါက်တွေ မိုးလောက် ပြင်းထန်နေတယ်။ ခြံတိုင်က မီးအိမ်တွေပေါ်မှာ တဖြောက်ဖြောက် ကြွေလို့။ လေထဲမှာတော့ ယမ်းနံ့လှိုင်နေတယ်။ ဖြောက်အိုးဖောက်သံတွေက အသံချဲ့စက်က ထွက်နေတဲ့ ဘေဂျင်းအော်ပရာ သီချင်းသံတွေနဲ့ ရောထွေးနေတယ်။

ကျေးရွာပြည်သူ့စစ်ရုံးခန်းထဲမှာ တာဝန်ကျ ငါးယောက်စလုံး ပျင်းတိပျင်းတွဲ ဖြစ်နေကြတယ်။ နေကြာစေ့လှော်နဲ့ ပြောင်းဆန်အရက် ပုလင်းတွေ အလျှံအပယ် ရှိပါလျက် သူတို့ ပျင်းနေကြတာ။ မုန့်ဆိုင်ကလည်း အနီးလေး။ ပျင်းပျင်းနဲ့ သူတို့ ပိုကာ ထိုင်ကစားနေကြတယ်။ လူဒေဟင်နဲ့ မူဘင်းက ပိုကာ ဆွဲရတာ ပျင်းလာပြီဆိုပြီး စစ်တုရင် ထိုးဖို့ ပြင်နေတုန်း ရုံးခန်းတံခါးရွက် ဖြည်းဖြည်းချင်း ပွင့်လာတယ်။ ဆန်ကျူးရဲ့ ခေါင်းပြောင်ပြောင်ကြီးကို မြင်လိုက်တော့ သူတို့အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ သူ့ရဲ့နာမည်ပြောင်ကတော့ ကေကေဆန်*။ လူက ခေါ်ခွင်ခွင်နှင့် ပုပုကွကွ၊ သူ ဒီနာမည်ရတာက သူ့မိန်းမ ငယ်ငယ်ကလေး ရှုလင်းက ခဏခဏ နောက်မီးလင်းလို့ပါ။ နန်က အစွယ် နှစ်ချောင်း ရှည်ထွက်နေတဲ့သွားတွေပေါ်အောင် ပြုံးပြပြီး နှုတ်ဆက်လိုက်တယ်။

'ဟဲလို အန်ကယ် ကေကေဆန်'

ဆန်က ဘာမှ ပြန်မပြောဘဲ နန့်ကို စိုက်ကြည့်နေတယ်။ သူ့မိန်းမ ရှုလင်းက လူတကာကို ညုနေတယ်လို့ နာမည်ကြီးနေတာကို ဖဲပိုင်းက လူငယ်တွေအားလုံး သိတယ်။ ဆန်က အသက်ငါးဆယ် ကျော်နေပြီ။ ရှုလင်းထက် အသက်အစိတ် ကြီးတယ်။ ခုထက်ထိ ကလေး မရကြဘူး။ ဆန်က ပန်းသေနေလို့ ရှုလင်း ဒီလိုဖြစ်တာလို့ ပြောကြတယ်။

ဆန်က ဦးထုပ်ကို ပိုက်ထားတယ်။ မျက်လုံးတွေက နီရဲပြီး

---

* Cuckold - လင်ငယ်နေသွားသော မိန်းမ၏ ယောကျ်ား။

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင်စီစီနဲ့။ ထွေတေတေ ဖြစ်နေပုံ။ ဝမ်မင်းက 'အန်ကယ်ဆန် ဝင်ထိုင်လေဗျာ' လို့ လှမ်းခေါ်လိုက်တယ်။

ဆန်က ဝင်ထိုင်ပြီး စားပွဲကို တံတောင်နှစ်ဖက်စလုံးနဲ့ ထောက်လိုက်တယ်။ သူတို့ဝိုင်းမှာ တအိမ်လိုနေတာနဲ့ နန်က ဖိတ်လိုက်တယ်။

'ဝင်ကစားလေ အန်ကယ်ဆန်'

'မကစားချင်ပါဘူးကွာ၊ သောက်စရာလေး ဘာလေး ရှိရင်သာ တိုက်ကြပါ မောင်တို့ရာ'

ရန်ဆေးက မတ်ခွက်ထဲကို အရက်လောင်းထည့်ပြီး တခြား ရဲဘော်တွေကို ဝေ့ကြည့်ရင်း ကမ်းပေးလိုက်တယ်။

'ရော့... အန်ကယ်ဆန်၊ ချ'

'ကောင်းလိုက်တာကွာ။ ငါက ချချင်နေတာကွ' လို့ပြောပြီး တခွက်လုံး မော့ချလိုက်တယ်။

'အရေးကြီးတဲ့ ကိစ္စနဲ့ မင်းတို့ဆီကို ငါ လာခဲ့တာကွ'

'ဘာများလဲ အန်ကယ်ဆန်'

ဒေဟင်က မေးလိုက်တယ်။

'မင်းတို့ကို ငါ ဖိတ်ပါတယ်။ မင်းတို့အားလုံး အိမ်လိုက်ခဲ့ပြီး ငါ့မိန်းမကို ဝိုင်းသမကြကွာ'

ဆန်က အလေးအနက် ပုံစံနဲ့ အတည်ကြီး ပြောနေတာ။ သူတို့အားလုံး ကြက်သေ သေသွားပြီး အခန်းထဲမှာ တိတ်ဆိတ်သွားတယ်။ မီးသွေးမီးဖို တဖြောက်ဖြောက်သံကလွဲပြီး ဘာသံမှ မကြားရတော့ဘူး။ လူငယ်တသိုက် တယောက်မျက်နှာ တယောက် ကြည့်နေကြတယ်။

ခဏနေတော့မှ ဒေဟင်က –

'ဟာ... အန်ကယ်ဆန်ကလဲဗျာ၊ မတော်တရော်'

'ငါ တကယ် ပြောတာကွ၊ ငါ့မိန်းမက တချိန်လုံး ရူ နေတာ။ ဒီည မင်းတို့ကို ငါ အားကိုးတယ်'

သူ့မျက်လုံးထဲမှာ ဒေါသခိုးတွေ ဝေနေတယ်။

အခန်းထဲမှာ ငြိမ်ကျသွားပြန်တယ်။

'ဘာလဲ၊ မင်းတို့ မလိုက်ရဲဘူးလား'

mgyoe.com

mgyoe.com SAMPLE BOOK

သူ့မျက်ခုံးပါးပါးကလေးတွေကို ရှုံ့ပြီး မေးလိုက်တယ်။ ဝါကြန့်ကြန့် မျက်နှာက နာနာကြည်းကြည်း ပြုံးလို့။

'လိုက်တော့ လိုက်ချင်တာပေါ့ဗျာ၊ ဘယ်သူ မလိုက်ချင်ဘဲ နေမလဲ'

တပ်စိတ်မှူး ဝမ်မင်က ပြောလိုက်တယ်။

ဘင်က သူ့ကိုယ်သူ ပြောနေသလိုနဲ့–

'အင်း... နတ်သုဒ္ဓါဟာ တခါတလေ မိုးပေါ်က ကျလာတတ်တယ်'

နန်က အားလုံးကို ဝေ့ကြည့်ပြီး–

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ မသွားကြနဲ့' လို့ ပြောတယ်။ သူ့မျက်လုံး ကျဉ်းကျဉ်းကလေးတွေက အရောင်တောက်လို့။ အဘိုးကြီးဆန်ဘက် လှည့်ပြီး–

'ဒီမယ် အန်ကယ်ဆန်၊ ခင်ဗျား မိန်းမနဲ့ ခင်ဗျားက ပြဿနာ မရှိဘူး၊ ဒါပေမဲ့ ကျွန်တော်တို့အတွက် အန္တရာယ်ရှိတယ်ဗျ။

'ကိုယ့်လူတို့၊ မနေ့က အုတ်စက်မှာ ဖြစ်တာ မင်းတို့ မှတ်မိလား၊ သွားမလုပ်နဲ့။ အားလုံး ဒုက္ခရောက်ကုန်မယ်'

သူ ပြောလိုက်တော့ အားလုံး ချွေးတွေ ပြန်လာတယ်။ တပ်စိတ်မှူး ဝမ်မင်နဲ့ အသက်အကြီးဆုံး လူဒေဟောင်ပါ မျက်စိမျက်နှာ ပျက်သွားပြီး ဘာပြောရမှန်းမသိ ဖြစ်သွားကြတယ်။ နန် ပြောတဲ့ အုတ်စက်က အဖြစ်ကို သူတို့အားလုံး သိတယ်။ ပြည့်တန်ဆာ တယောက်ကို ခေါ်လာပြီး အုပ်စုလိုက် အုပ်စုလိုက် ပျော်ပါးရင်း လက်လွန်သွားတော့ အမျိုးသမီး သေသွားတယ်။ အားလုံး အဖမ်းခံရပြီး သုံးယောက် ထောင်ရှစ်နှစ်စီ ကျသွားတယ်။

နောက်ဆုံးမှ ဝေးရဲ့အသံ ထွက်လာတယ်။

'နန် ပြောတာ မှန်တယ်။ တို့ လိုက်မသွားရင် ကောင်းမယ်'

ဆန်က သူ့မေးစေ့ကို ပွတ်ပြီး သရော်သံနဲ့ –

'မင်း ယောကျာ်း မဟုတ်ဘူးလား။ ငါက မင်းတို့ကို အလှူလုပ်ဖို့ ဖိတ်တယ်။ ငါ့မိန်းမကို ပေးမှာနော်။ ပိုက်ဆံ တပြားမှ မယူဘူး။ မင်းတို့က မလာရဲဘူးဆိုတော့ မင်းတို့ အခြောက်တွေပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

ဒေဟင်က ဝင်ပြောတယ်။

'ဒီမယ် အန်ကယ်ဆန်၊ ဒါဆိုရင်တော့ အန်ကယ့်အနေနဲ့ ဝန်ခံကတိစာ တစောင်တော့ ရေးပေးရမယ်'

'ဟ... ငါမှ စာမရေးတတ်တာ'

'ဟုတ်ပါပြီ။ ကျွန်တော်တို့ ရေးပေးမှာပေါ့'

ဝမ်မင်က ဝင်ပြီး တာဝန်ယူလိုက်တယ်။

'ဒါဆို ရေး၊ ငါ လက်ဗွေနှိပ်မယ်'

မင်က စာရွက်ပိုင်းတရွက်မှာ ရေးချတယ်။ နန်တယောက် နေမထိထိုင်မသာ ဖြစ်လာတယ်။ အဘိုးကြီးကို ကြည့်ပြီး နားမလည်နိုင်အောင်ဖြစ်နေတယ်။ ယောကျ်ားအရင်းခေါက်ခေါက်ကြီးက မိန်းမ အလှူပေးနေတာပါလား။ သူ့ကိုယ်သူ ပြန်မေးကြည့်ပြီး အဖြေထုတ်တယ်။ ငါတော့ မလိုက်ဘူး၊ ဘယ်တော့မှ မလိုက်ဘူး။ ရှူလင်းက တယောက်ယောက်နဲ့ ကမြင်းနေတာကို ကေကေဆန် မိသွားပြီး အကြီးအကျယ် ရန်ဖြစ်လာတာ ဖြစ်ရမယ်။

ဆန်က ခပ်အေးအေး အမူအရာနဲ့ အိတ်ထဲက ဆေးတံကို ဆွဲထုတ်လိုက်တယ်။ သူနဲ့ ယှဉ်ထိုင်နေတဲ့ ဘင်က ဖဲချပ်တွေ သိမ်းနေတယ်။

ရေးပြီးသွားတဲ့ ခံဝန်ကတိစာချုပ် အပိုင်းကလေးကို ကိုင်ပြီး ဝမ်မင်က–

'အန်ကယ်ဆန်၊ သေသေချာချာ နားထောင်နော်' ဟု ပြောပြီး အသံထွက် ဖတ်တယ်။ စာရွက်ကလေးက တဖျပ်ဖျပ်လှုပ်လို့။

နွေဦးပွဲတော် တတိယနေ့တွင် ကျွန်ုပ် ဆန်ကျူးသည် ပြည်သူ့စစ်ရုံးခန်းကို ရောက်ရှိပြီး လူငယ်ပြည်သူ့စစ်များဖြစ်သည့် ဟောအိုနန်၊ လူဒေဟင်၊ ရန်ဝေး၊ မူဘင်နှင့် ဝမ်မင်တို့အား ကျွန်ုပ်၏ဇနီး ရှူလင်းနှင့် ပျော်ပါးရန်ဖိတ်ကြားပါသည်။ ကျွန်တော့် ရည်ရွယ်ချက်မှာ မိန်းမကို သင်ခန်းစာပေးရန် ဖြစ်ပါသည်။ နောက်နောင်အခြားသူများအား မြူဆွယ်ခြင်း မပြုနိုင်အောင်နှင့် ကာမေသုမိစ္ဆာစာရကင်းသော၊ စင်ကြယ်သော မိန်းမ

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်း ဖြစ်လာစေရန် ရည်သန်လျက် သူ့တွင် တစုံတရာ အနှာတရ ဖြစ်ခဲ့ပါလျှင် ထိုလူငယ်များ၏ တာဝန်မရှိပါကြောင်း၊ ဖြစ်လာပါကလည်း လင်ယောကျ်ားဖြစ်သူ ကျွန်ုပ် ဆန်ကျူး၏ တာဝန်သာဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ကတိပြုသူ
ဆန်ကျူး

ဝေက လက်မ နှိပ်ဖို့ မင်ခံပြားကို စားပွဲပေါ် တင်ပြီး–

'ကဲ… အဲဒီအတိုင်း သဘောတူရင် ဒီနေရာမှာ လက်မနှိပ်ပါ' လို့ ပြောတော့–

'ကောင်းပြီ' ဟု ဆိုကာ ဆန်က ပွေးနိုင်းချင်းနဲ့ လက်မကြီးကို နှိပ်ချလိုက်ပြီး လက်ကို ဘောင်းဘီနဲ့ သုတ်ပစ်လိုက်တယ်။ သူ့ဘောင်းဘီက ချေးလက်လေးသစ် တက်နေတဲ့ ဘောင်းဘီမျိုး။ ပြီး နှပ်ညှစ်ချလိုက်တော့ ဖုန်ထုတက်နေတဲ့ ကြမ်းပေါ်မှာ နှပ်တွေ အတန်းလိုက် ထွက်ကျသွားတယ်။

မင်က 'ကဲ…သွားကြစို့' ဟု ပြောရင်း ခြေလှမ်းပြင်တယ်။ သူ့အမူအရာက ကင်းလှည့်ထွက်ရင်း ခွေးလေခွေးလွင့် တကောင် တွေ့လို့ ဖမ်းဖို့လောက် သဘောထားတဲ့ ပုံမျိုး။ နန်က စာချုပ်ကို သဘောမကျဘူး။ ခွေးမသား ဝေးက သူ့နာမည်ကို ထိပ်ဆုံး ထင်ထားတယ်။ ဒီအရေးမှာ သူက ခေါင်းဆောင်လိုလို၊ ဘာလိုလို။ သူက သာမန်စစ်သား။ တပ်ကြပ်ဝမ်မင်ရဲ့နာမည်ကို ဘာလို့ ထိပ်မှာ မတင်တာလဲ။

အပြင်မှာ နှင်းစဲသွားပြီ။ အနောက်ရမ်း လေက သွေးခဲမတတ် အေးစိမ့်နေတယ်။ အရက်ပြင်းတွေ အဝသောက်ထားလို့ သူတို့ ခံသာတာ။ အားလုံး ငါးထောင့်ထိုး လက်နှိပ်ဓာတ်မီးတွေနဲ့။ စူးရှတဲ့ အလင်းတန်းကြောင့် သစ်ပင်ပေါ်မှာ အိပ်ပျော်နေတဲ့ ငှက်တွေ ထပျံကုန်တယ်။ အန်ကယ်ဆန့် အိမ်ကိုရောက်ဖို့ သူတို့ အားသန်နေကြတယ်။ ဒါလောက် သောင်းကျန်းတဲ့ မိန်းမ၊ တွေ့ကြသေးတာပေါ့ကွာလို့ မောင်းတင်သွားနေကြတာ။ ခပ်ပျော်ပျော်၊ ခပ်ထွေထွေနဲ့ သီချင်းတွေ အော်ဆိုလာကြတယ်။ "ငါက

mgyoe.com

mgyoe.com SAMPLE BOOK

စစ်သား” “အမေ့ဆီ ပြန်တော့မယ်” “ကွန်မြူနစ်ပါတီ မပါဘဲ တရုတ်ပြည်သစ် ဖြစ်မလာနိုင်”။ တပုဒ်ပြီးတပုဒ် ဆိုလာကြတယ်။ ဟိုးအဝေးက ပင်လယ်ကမ်းခြေရွာကလေးရဲ့ ကောင်းကင်မှာ မီးပန်းတွေ၊ ဖြောက်အိုးတွေ တလက်လက်နဲ့။ ဝေးလွန်းတော့ ဘာသံမှ မကြားရဘူး။ တောင်ကုန်းဖြူဖြူတွေနဲ့ လွင်ပြင်ကျယ်တွေဟာ ညအခါ နေ့အခါထက် ပိုမြင့်ပိုကျယ်နေသလို ထင်ရတယ်။ လခြမ်းကလေးဟာ တိမ်တိုက်တွေထဲမှာ ကြယ်တွေနဲ့အတူ ပြေးလွှားနေတယ်။ ညဟာ ရံခါပေါ်လာတဲ့ မြင်းဟီသံမှ လွဲပြီး တိတ်ဆိတ်နေတယ်။

နန်က သူတို့နဲ့အတူ သီချင်းဆိုပြီး သူတို့နောက် လိုက်နေရင်း မိန်းမတယောက်ကို စိတ်နဲ့ ပွေ့ဖက်ကြည့်တယ်။ သူဟာ ဆိုယန်နဲ့ စေ့စပ်ကြောင်းလမ်းခဲ့ပေမဲ့ သူ့လက်ကလေးကိုတောင် ကိုင်မကြည့်ခဲ့ဖူးဘူး။ အင်း...ခုတော့ အတွေ့အကြုံ ရတော့မယ်ပေါ့။

*

အန်ကယ်ဆန်ရဲ့ အိမ်ဝင်းထဲကို သူတို့ ဝင်လာခဲ့ကြတယ်။ ရှေ့ဆုံးက သွားနေတဲ့ မင်နဲ့ ဒေဟင်က လရောင်ရေးရေးမှာ လှုပ်ရှားနေတဲ့ အရိပ်တွေကို လန့်နေကြတယ်။ အဲဒီအချိန်မှာ အမဲလိုက်ခွေးကြီးတကောင် ပြေးထွက်လာပြီး စွတ်ဟောင်ပါလေရော။

ဆန်က ပြန်အော်တယ်။

‘ဟေ့ကောင် တိတ်၊ ငါ ပါလာမှန်း မသိဘူးလား’ လို့ အော်လိုက်မှ ကောက်ရိုးပုံဘက်ကို ပြေးထွက်သွားတယ်။ ခြံထဲမှာ ဘာမှ မရှိဘူး။ အရောင်မျိုးစုံနဲ့ လှန်းထားတဲ့ အဝတ်တွေပဲ ရှိတယ်။ လေထဲမှာ တဖျပ်ဖျပ်နဲ့။ ကလေးတွေ လွှတ်တဲ့ စွန်တွေ ကြိုးပြတ်ကျပြီး လာငြိနေသလိုပဲ။ ရှုလင်း၏ ပန်းရောင်ဂါဝန်တထည်ကို ဝမ်မင်က ကိုင်ကြည့်ပြီး–

‘အန့်က တမျိုးပဲ။ သွေးစတော့ မတွေ့ပါဘူး။ သူ သွေးမဆုံးသေးပါဘူးနော် အန်ကယ်ဆန်’ လို့ ပြောတော့ ဝိုင်းရယ်ကြတယ်။

အန်ကယ်ဆန်ရဲ့အိမ်က အုတ်တိုက် သေးသေးကလေး။ သက်ငယ်မိုး။ အိမ်ထဲရောက်တော့ သေနတ်နှစ်လက်ကို တံခါးနောက်ကွယ်မှာ ထောင်ထားလိုက်ကြတယ်။ ထမင်းစား စားပွဲပေါ်မှာ ရေနံဆီမီးအိမ် ထွန်း

mgyoe.com

mgyoe.com SAMPLE BOOK

ထားတယ်။ အိမ်ထဲမှာ ဘယ်သူမှမရှိတော့ အန်ကယ်ဆန် ဒေါပွပြီး အော်ဟစ် ရှာဖွေပါလေရော။ ဒါပေမဲ့ အိမ်ကျဉ်းကျဉ်းလေးထဲမှာ သူ့မိန်းမ မရှိဘူး။

'ရှု…လင်း…'

သူ အိမ်ပြင်ထွက်ပြီး အော်ခေါ်တယ်။ လေတဟူးဟူး တိုက်နေသံက လွှဲပြီး ဘာသံမှ မကြားရဘူး။

ဒေဟင်က မေးလိုက်တယ်။

'ဘယ်လိုလဲ အန်ကယ်ဆန်၊ ဘယ်လိုလုပ်မယ် စိတ်ကူးလဲ'

'ဘယ်လို လုပ်ရမလဲ၊ ငါ ပြောတဲ့အတိုင်း မင်းတို့ လုပ်ရမှာပေါ့'

'နို့… သူမှ မရှိတာ'

မူဘင်က ဝင်ပြောလိုက်တယ်။

'သောက်ကောင်မ၊ ဘယ်ရောက်သွားပါလိမ့်။ မင်းတို့ ခဏလေး သည်းခံစောင့်ပါကွာ နော်။ သူ မကြာခင် ပြန်လာမှာပါ'

အန်ကယ်ဆန် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေပြီ။ ဒီအချိန်ကြီး အိမ်က ထွက်နေလိမ့်မယ်လို့ သူ လုံးဝ မျှော်လင့်ထားပုံမရဘူး။ ရောမ ဝက်သားပြုတ်ပန်းကန်ကြီးနဲ့ မုန်လာဥကြော်တွေကို လင်ပန်းထဲ ထည့်ယူလာပြီး ချပေးတယ်။ သူတို့က အုတ်စီခုံတန်းပေါ်မှာ ဝိုင်းထိုင်ပြီး ယူလာတဲ့ ပုလင်းနဲ့ အားရပါးရ လွေးကြတယ်။

'အေးစက်စက်ကြီးကွာ'

ဝေးက ဟင်းတွေကို ငုံ့ကြည့်ပြီး ပြောလိုက်တယ်။

မင်က ထောက်ခံတယ်။

'ဟုတ်တယ်ကွ၊ တို့ နွေးဖို့ လုပ်ရအောင်၊ အန်ကယ်ဆန်… ကျွန်တော်တို့ မီးမွှေးမယ်ဗျာ'

'အေးပါကွာ၊ သဘောပါ။ ငါ မင်းတို့ကို စွပ်ပြုတ်ကောင်းကောင်း လုပ်ပေးပါ့မယ်'

အန်ကယ်ဆန်နဲ့ ဒေဟင် မီးဖိုထဲဝင်သွားပြီး မီးမွှေး၊ ဂေါ်ဖီထုပ်ကြီးနဲ့ အလုပ်ရှုပ်သွားတယ်။ ပြီးမှ ဆန်က ဝက်သားတုံးကြီး ထုတ်လာတယ်။ ဒေဟင်က ရွာထဲမှာ ဟင်းချက်ကောင်းလို့ နာမည်ကြီးတဲ့လူ။

'အန်ကယ်ဆန်၊ စွပ်ပြုတ်ထဲ ပုစွန်ခြောက်များများ ထည့်နော်။ ကပ်စေးမနဲနဲ့'

mgyoe.com

mgyoe.com SAMPLE BOOK

ဝေးက မီးဖိုချောင်ဘက်ကို လှမ်းအော်ပြောတယ်။

'အေးပါကွာ၊ အေးပါ'

ချန်းက ပြန်အော်ပြောတယ်။

နန်က ငြိမ်ပြီး တွေနေတယ်။ အမြည်းတွေကို သိပ် ခံတွင်း မတွေ့ဘူး။ အန်ကယ်ဆန်ရဲ့ ဂလိုရီ စီးကရက်တွေကို ယူသောက်နေရင်း ဖရဲသီးစေ့လှော် ဝါးနေတယ်။ မီးဖိုထဲမှာ ကြော်သံ၊ လှော်သံတွေ ကြားနေရပြီ။

မင်နဲ့ ဝေးက ဖဲဗေဒင်မေးတန်း ကစားနေကြတယ်။ နန်က ဘေးက ထိုင်ကြည့်နေတယ်။ ဒုတိယပွဲ မပြီးခင် ဒေဟင်နဲ့ဆန် ပြေးဝင်လာပြီး ဒေဟင်က တုန်တုန်ယင်ယင်နဲ့ ပြောတယ်။

'သူ ပြန်ရောက်လာပြီကွ'

သူတို့တတွေ ပျာယာခတ်နေတုန်း ရှုလင်း ဝင်လာတယ်။ အနီရောင် ပဝါကို လည်ပင်းမှာသိုင်းလို့။ ပါးစပ်ထဲမှ အငွေ့တွေ မှုတ်ထုတ်ရင်း ဝင်လာတာ။ ပခုံးနှစ်ဖက်ပေါ်က နှင်းပွင့်တွေ သပ်ချရင်း ဧည့်သည်တွေကို နှုတ်ဆက်တယ်။

'မင်္ဂလာပါ'

ပါးကလေးရဲပြီး ဆံပင်လှိုင်းတွန့်ကလေးနဲ့ ရှုလင်းက လန်းလန်းဆန်းဆန်း ကုံ့ကော်ပန်း။ ဧည့်သည်တွေကို မြင်တော့ အိမ်ထဲ ဝင်ရမှာလား၊ အိမ်ပြင် ထွက်ရမှာလား ဝေခွဲမရ ဖြစ်နေပုံ။

'ဟဲလို...ဟဲလို'

မင်က နှုတ်ဆက်တယ်။

'ကဲ... ပြောစမ်းပါဦး ကောင်မ။ ဘယ်အလေလိုက်နေတာလဲ'

ဆန်က ရှေ့တိုးလာပြီး၊ သူ့အင်္ကျီကို ဆောင့်ဆွဲပြီး မေးလိုက်တယ်။ ရှုလင်းက အတင်းရုန်းရင်း–

'ဖယ်ပါ၊ ကျွန်မကို လွှတ်'

'နင် ဘယ်သွားတယ်ဆိုတာ ငါ သိတယ်။ ဟို မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ ကောင်ဆီ သွားတာ မဟုတ်လား'

သူ ပြောတဲ့လူက ကွန်မြူနစ်ပါတီက လူငယ်ကေဒါတယောက်။ သူတို့နှစ်ယောက် တွဲသွားတာကို ကုန်တိုက်တခုထဲမှာ နန် မြင်ဖူးတယ်။

'ကျွန်မကို လွှတ်ပါ။ နာတယ် ရှင့်'

mgyoe.com

mgyoe.com SAMPLE BOOK

အမျိုးသမီးက တောင်းတောင်းပန်ပန် ပြောတယ်။ သူ့မျက်လုံးရွဲကြီးတွေ အထိတ်တလန့် ဖြစ်လာတယ်။

ဆန်က အော်ပြောလိုက်တယ်။

'ဒါလောက် နန့်တဲ့ ကောင်မ၊ ဒီနေ့ တွေ့မယ်။ ဟိုမှာ နင့်ဖို့ နွေဦးလက်ဆောင်။ ငါးယောက်တောင် ငါ ခေါ်လာတယ်။ အားလုံး နွားသိုးလောက် သန်တဲ့ ကောင်တွေချည်းပဲ'

ပြောပြီး ပြည်သူ့စစ်လူငယ်တသိုက်ဆီကို မေးထိုးပြလိုက်တယ်။

'မလုပ်နဲ့၊ မလုပ်ပါနဲ့၊ မလုပ်ကြပါနဲ့'

ရင်သားနှစ်ဖက်ပေါ်ကို လက်နဲ့ကာပြီး အကျောက်အကန် ငြင်းတယ်။

ဆန်က လူငယ်တသိုက်ဘက်လှည့်ပြီး အော်ပြောလိုက်တယ်။

'ဟေ့… လုပ်လေကွာ၊ မင်းတို့ ဘာစောင့်နေတာလဲ'

အားလုံး ထ လာပြီး ရှုလင်းကို ဝိုင်းဆွဲကြတယ်။

'မောင်လေးတို့ရယ်၊ မလုပ်ပါနဲ့ကွယ်။ အစ်မ တောင်းပန်ပါတယ်'

ယောကျ်ားလုပ်တဲ့ လူက အော်ပြီး အားပေးတယ်။

'ဆက်လုပ်၊ ဆက်လုပ်။ မှတ်လောက်သားလောက်အောင် လုပ်'

စားပွဲခုံအောက အုတ်စီခုတင်ဆီကို အတင်းဆွဲခေါ်သွားကြတယ်။ ရှန်းရင်းကန်ရင်း အော်ဟစ်ပြီး ရှုလင်း ပါသွားတယ်။ ကြိုးတုပ် ခံထားရတဲ့ သိုးတကောင်လို သူ ဘာမှ မတတ်နိုင်တော့ဘူး။

ဒေဟင်က သူ့ပေါင်သားတွေကို ဖိကြည့်တယ်။ မင်က ရင်သားတွေကို ကိုင်ကြည့်ပြီး ပြောတယ်။

'အကောင်းကြီး ရှိသေးတယ်ကွ၊ တင်းရင်းနေတာပဲ'

'ဟဲ့… နင်တို့ အမေတွေ၊ အဘွားတွေ လုပ်ပါလား။ အင့်…'

အားလုံး ဝိုင်းရယ်ကြတယ်။ သူ့ကို အိပ်ရာပေါ် တင်လိုက်ကြတယ်။ ရှုလင်းက အသက်မရှုဘဲ အမျိုးမျိုး ကျိန်ဆဲတယ်။

'တဆွေလုံး တမျိုးလုံး အဝီစိ ကျပါစေတော်။ နင်တို့ မိဘတွေကို ငါ ပြန်တိုင်မယ်။ နင်တို့ အိမ်တွေ မိုးကြိုးပစ်ပါစေ။ သားသမီး မရဘဲ ကာလနာ တိုက်ကြပါစေ'

သူ ဆဲလေ ပြည်သူ့စစ်တွေ အားရှိလေ ဖြစ်လာတယ်။ ဘင်က

mgyoe.com

mgyoe.com SAMPLE BOOK

သူ့လည်စည်းကိုလုံးပြီး ရှူလင်းပါးစပ်ထဲ ထိုးထည့်လိုက်တော့ သူ အသံ မထွက်နိုင်တော့။ ဆန်က ကြိုးတွေထုတ်လာပြီး ခြေတွေ လက်တွေကို စားပွဲခြေထောက်တွေ၊ ခုတင်တန်းတွေနဲ့ ပူးချည်လိုက်တယ်။ ပြီး အဝတ် တွေကို တခုမကျန် ဆွဲချွတ်ကြတယ်။

ဒေဟင်က အိတ်ထဲမှ ဖဲချပ်ငါးချပ်ထုတ်ပြီး တစ်မှ ငါးအထိ ငါးချပ် ထုတ်လိုက်တယ်။ ပြီး စားပွဲပေါ် မှောက်ချလိုက်တယ်။ တယောက် တရွက် ကောက်ယူပြီး အသီးသီး လှန်လိုက်ကြတယ်။

မင်က တစ်၊ ပထမ။ ဒေဟင်က နှစ်၊ ဘင်က သုံး၊ နန်က လေး၊ ဝေးက ငါး။

ဆန်က တည်တည်ငြိမ်ငြိမ်နဲ့–

'အေး... ဟုတ်ပြီ၊ အားလုံး အဆင်ပြေတယ်။ အဲဒီအတိုင်း ဆက် လုပ်ကြ၊ ပျော်ပျော်ပါးပါးပေါ့ကွာ' ဟုပြောပြီး အပြင်ထွက်သွားပါလေရော။ သူ မှာခဲ့တဲ့အတိုင်း အလှည့်ကျ စခန်းသွားကြတယ်။ ပျော်ပျော်ပါးပါး ပါပဲ။ မင်က နန့်ကို လှမ်းပြောတယ်။

'ကဲ... သတို့သား အသစ်ကျပ်ချွတ်ကလေး၊ သေသေချာချာ ကြည့်ထားနော်'

ဒေဟင့်အလှည့်ရောက်တော့ အမျိုးသမီးရဲ့ ပခုံးသားကလေးတွေ ကို ကိုက်ပြီး ညည်းညူသံကို နားထောင်ရင်း ပျော်နေတုန်း အန်ကယ် ဆန် ပြန်ဝင်လာတယ်။ လက်ထဲမှာ ပန်းကန်တလုံး ကိုင်လို့။ ပန်းကန်လုံး ကို မိန်းမ ဦးခေါင်းနား ချထားပြီး ဆံပင်ဆွဲ ငုံ့ကြည့်ခိုင်းတယ်။

'အဲဒါ ဘာလဲ၊ သိလား'

သူက လက်နဲ့တို့ပြီး နီနီအမှုန့်တွေကို ပြလိုက်တယ်။

'ငရုတ်သီးမှုန့်တွေ သိလား၊ အားလုံးပြီးရင် နင့်ဒဏ်ရာကို ပွတ် ပေးဖို့၊ ဒါမှ နင် နောက်ထပ် မယားတော့မှာ'

သူ့မိန်းမက ခေါင်းကို သွက်သွက်ခါနေပြီး မျက်စိကို စုံမှိတ် ထားတယ်။

နံပါတ်သုံး ဘင်ကလည်း မိန်းမနဲ့ အတွေ့အကြုံ ရှိဖူးသူ မဟုတ်။ လျှပ်တပြက်အတွင်း ကိုးရိုးကားရားနဲ့ သူ့အလှည့် ပြီးသွားတယ်။

နန့်အလှည့် ရောက်တော့ သူ အရမ်း ရှက်နေတယ်။ မိန်းမ

mgyoe.com

mgyoe.com SAMPLE BOOK

တယောက်ကို မိမွေးတိုင်း ဖမွေးတိုင်း ပထမဆုံး မြင်ဖူးတာလေ။ ငုံ့ကြည့်လိုက်တော့ ရောမ ဖားကြီးတကောင်ကို မျက်စိထဲ မြင်လာတယ်။ ပေါင်နှစ်ဖက်ကို ဆုတ်ဖြဲ ခံရတော့မယ့် ဖားကြီး။ အင်း... နားရွက်ကလေးတွေကတော့ သေးသေးပါးပါးကလေးတွေ၊ ချစ်စရာ။ သူ့ဆံပင်ကို ဆွဲပြီး ဘာနဲ့ တူပါလိမ့်လို့ သေသေချာချာ ကြည့်လိုက်တယ်။ သူ့ကို မော့ကြည့်နေတဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ အပြည့်။ သူ့မျက်လုံးတွေကို ကြည့်ပြီး အရမ်း အံ့သြသွားတယ်။ ပြောင်းလဲနေတဲ့ အဓိပ္ပာယ် ဆောင်နေတယ်။ မုန်းတီးခြင်းနဲ့ ကြောက်ရွံ့ခြင်းတွေ တဖြည်းဖြည်း လျော့သွားတယ်။ အသူတရာနက်တဲ့ ချောက်ထဲကို ထိုးကျသွားတဲ့ ရင်ကွဲနာကျချင်စရာ အလှတပါး။ ဖြူရော်ရော် မျက်နှာကလေးကို ငုံ့ပြီး နမ်းဖို့ ပြင်လိုက်တယ်။ သူ့ကိုယ်သူ ဘာလုပ်နေမှန်း မသိသလိုပဲ။ သူက တစ်ဖက်ကို စောင်းလိုက်တော့ မျက်ရည်တွေ သွန်ကျသွားတယ်။ သူ့ခေါင်းတခုလုံး ချာလည်လည်သွားတယ်။

'ဟော့ကောင်၊ မင်း ဘာလုပ်နေတာလဲ'

သူ့ကို ဒေဟင်က ဟောက်လိုက်တယ်။

အဲဒီအချိန်မှာ အမဲလိုက်ခွေးကြီးရဲ့ ဒေါသတကြီး စွတ်ဟောင်သံ ရှူးရှူးဝါးဝါး ထွက်လာတယ်။ ကြက်ခြံထဲ ဝင်ဆွဲတဲ့ တောကြောင်ကိုလား၊ မြေခွေးကိုလား မသိ။ တခြံလုံး ဆူညံသွားတယ်။

'အား....'

နန် အော်လိုက်တယ်။ သူ့ကိုယ်ထဲက တခုခု ပေါက်ကွဲသွားသလိုပဲ။ သူ့ကိုယ်သူ ဘာလုပ်မိမှန်းမသိဘဲ ခုန်ထလိုက်ပြီး တံခါးဝဆီ ပြေးထွက်သွားတယ်။ လက်နှစ်ဖက်နဲ့ ဘောင်းဘီကို ကိုင်လို့။ သူ့တကိုယ်လုံး ချွေးစေးတွေ ရွှဲနေတယ်။

အပြင်ရောက်တော့ ဒူးညွတ်ကျသွားပြီး ထိုးအန်ချလိုက်တော့ ပါးစပ်ထဲက ချဉ်စုတ်စုတ် အစာတွေ အတောင့်လိုက် ထွက်ကျလာတယ်။ တခန်းလုံး အရက်နံ့၊ အန်ဖတ်နံ့ ဟောင်သွားတယ်။ သူ့ဖိနပ်တွေ၊ အင်္ကျီတွေပါ ပေကျံကုန်ပြီ။

'ဟေး... နန်၊ အိုကေသွားလိမ့်မယ်'

mgyoe.com

mgyoe.com SAMPLE BOOK

ဒေဟင်က ကျောပုတ်ကာ ပုတ်ကာနဲ့ အမူးပြေအောင် လုပ်ပေးနေတယ်။ ခေါင်းကိုလည်း ပွတ်ပေးနေတယ်။

'ကျွန်တော် ကြောက်တယ်။ နောက် ဘယ်တော့မှ မလိုက်တော့ဘူး'

အန်ကယ်ဆန်က သူ့ကို ဆောင့်ကန်ချင်စိတ် ပေါက်သွားတယ်။

'အလကား စောက်ခြောက်၊ ခွေးဟောင်သံ ကြားတာနဲ့များကွာ'

မင်က ဝင်ပြောတယ်။

'ဟော့... နန်၊ ထ...ထ၊ မင်း ဖြစ်အောင် လုပ်ရမယ်။ မင်း ဒီတခါ မရရင် နောက် မရတော့ဘဲ ဖြစ်သွားမယ် သိလား'

နန်က ခေါင်းကို သွက်သွက်ယမ်းပြီး–

'တော်ပြီ၊ တော်ပြီ။ သွားကြ၊ သွားကြ။ ငါ နေမကောင်းဘူး'

သူက မျက်စိကိုပွတ်ပြီး ပြောလိုက်တယ်။ သူ့လက်တွေမှာ အရိအရွဲတွေ စိုရွှဲနေတယ်။

ဘယ်လိုမှ ခေါ်လို့မရတဲ့အဆုံး အန်ကယ်ဆန် ဒေါ်ပွလာပြီး–

'ကဲ... ဒီစကြောက်ကို ထားခဲ့ကြ။ မင်းတို့အလုပ် မင်းတို့ ဆက်လုပ်'

သူတို့တာဝန်ကို သူတို့ ပျော်ပျော်ပါးပါး ဆက်လက် ထမ်းဆောင်ကြတယ်။

ဝေးက တခစ်ခစ်ရယ်ရင်း ခေါင်းကိုကုတ်တယ်။

'ကြံဖူးပေါင်ဗျာ။ ခွေးဟောင်သံကြောင့် ... လက်တကမ်း ရောက်နေခါမှ ...'

နန်က လေထန်နေတဲ့ ညမှောင်မှောင်ထဲကို ဒယီးဒယိုင်နဲ့ ထွက်လာခဲ့တယ်။

*

မင် ပြောတဲ့အတိုင်း နန်တယောက် လူစဉ်မမီတဲ့ လူတယောက် ဖြစ်သွားပါလေပြီ။ အဲဒီညမှာ နှင်းတောထဲဖြတ်ပြီး သူ အိမ်ပြန်သွားတယ်။ နှစ်ရက်လုံးလုံး အိပ်ရာထဲက မထဘဲ အိပ်နေတယ်။ ဘာဖြစ်လာတယ်ဆိုတာ ဘယ်သူ့မှ မပြောရဲဘူး။ ဒါပေမဲ့ တပတ်အတွင်း သူ့သတင်း ရွာထဲ ပျံ့သွား

mgyoe.com

တယ်။ ခွေးဟောင်သံကြောင့် သွေးလန့်ပြီး ပျက်စီးသွားတဲ့ နန်ရဲ့ ညတည အကြောင်း။ အဖေက သူ့ကို ခဏတဖြုတ်ပဲ ဆူတယ်။ အမေကတော့ ကျိတ်ငိုရှာတယ်။

နောက်နှစ်ပတ်ကြာတော့ ဆိုယန်မိသားစုက ဟေအိုနန်တို့ ဘက်ကို တင်တောင်းဖို့ ကြိုရောက်နှင့်နေတဲ့ လက်ပတ်နာရီနဲ့ ခိုပျံတံဆိပ် စက်ဘီးကို ပြန်ပို့လာတယ်။ နန်ဟာ လူစဉ်မမီတော့တဲ့ လူတယောက် ဖြစ်သွားလို့ သူတို့သမီးနဲ့ မပေးစားနိုင်တော့ပါဘူး တဲ့။ မစွက်ဟေအို ဘယ်လိုတောင်းပန် တောင်းပန် မိန်းကလေးရှင်က လက်မခံတော့ပါဘူး။ နောက်ဆုံးမှာတော့ တဆင့် လျှော့ပေးပါတယ်။ နှစ်ဝက်အတွင်း နန် ပြန်နေကောင်းလာရင် ပြန်စဉ်းစားပါ့မယ် တဲ့။

လေးလလုံးလုံး ဆရာဝန်ပေါင်းများစွာနဲ့ နန် ဆေးကုတယ်။ လူစဉ်ပြန်မီလာဖို့ ဆေးဝါးမျိုးစုံ မှီဝဲတယ်။ ဂျင်စင်းမြစ်၊ ရေမြင်း၊ သမင်ချို၊ ကျားရိုးကစ ဒရယ်ဖိုရဲ့ အင်္ဂါတောင် ပါလိုက်သေး။ ဒါပေမဲ့ ဘာမှ အကြောင်းထူးမလာဘူး။ အမေကြီးက ကြက်မနှစ်ကောင်သတ်ပြီး ဂျင်စင်း မြစ်နဲ့ ပေါင်းပေးတယ်။ အားရှိတယ်ဆိုတဲ့ အစားအစာမှန်သမျှ ချဉ်ချဉ် တူးတူး ကြိတ်မှိတ်စားတယ်။ တဖြည်းဖြည်းနဲ့ နှာခေါင်းသွေးလျှံတာတွေ၊ ဆံပင်ကျွတ်တာတွေ ဖြစ်လာတော့ အဖေက အမျိုးထဲမှာ တယောက်မှ မရှိခဲ့ဖူးဘူးဆိုပြီး သူ့ကို ဆဲတယ်။ အမှန်ပါပဲ။ ဒရယ်ဖိုကို မှီဝဲလိုက်ရင် ဘောင်းဘီဝတ်လို့ အဆင်မပြေတော့ဘဲ ယောကျ်ားတွေ အပြင်ထွက်လို့ မရအောင် ဖြစ်တတ်ကြတယ်တဲ့။ ဒါပေမဲ့ ဒရယ်သိုကော၊ ဖျံသိုကော နန့်ရဲ့ ရောဂါကို မတိုးတော့ပေ။

နောက်ပိုင်းမှာ တရွာလုံးက သူ့ကို ယောကျ်ားစာရင်း မသွင်းတော့ဘူး။ အန်ကယ်ဆန်က သူ့ကို "စကြောက်" လို့ ပြောခဲ့ပြီး ခုတော့ ကလေးတွေက သူ့ကိုမြင်ရင် "စခြောက်" လို့ နောက်ကြ ပြောင်ကြတယ်။ အောင်သွယ်တော်တွေ အိမ်ကို ရောက်လာတတ်ကြပါတယ်။ သတို့သား ရှာဖို့ မဟုတ်တော့။ နန့်ညီမတွေကို တောင်းဖို့၊ ရမ်းဖို့ လာကြတာပါ။ ဘဝဟူသည် သားသမီး ပွားစည်းထွန်းကားဖို့ မဟုတ်လား။

ခုတော့ နန်တယောက် ဘာကမှ မတတ်နိုင်ပြီ။ သူတို့အိမ်က

mgyoe.com

mgyoe.com SAMPLE BOOK

အမဲလိုက်ခွေးကြီးကို သွားပြီး အဆိပ်ကျွေးသတ်ဖို့ စိတ်ကူးမိသေးတယ်။ နောက်တော့ အဲဒီအလုပ်ကိုတောင် လုပ်ချင်စိတ် မရှိတော့ဘူး။

တနေ့ ဝက်ခြံကိုအသွား ခွေးကြီးနဲ့ သူ သွားတိုးတယ်။ ခွေးကြီးက အမြီးနှန့်ပြီး သူ့ဆီ လျှောက်လာတယ်။ အနားရောက်တော့ ဆောင့်ကန်ဖို့ စိတ်ကူးလိုက်သေးတယ်။ အဲဒီအချိန်မှာ ဟို ခပ်လှမ်းလှမ်း ကိုက်နှစ်ရာအကွာ ဟင်းနုနယ်ခင်းထဲက ထွက်လာတဲ့ ဆိုယန့်ကို လှမ်းမြင်လိုက်တယ်။ စားလက်စ ပြောင်းဖူးမုန့်ကို ခွေးကြီးဆီ ပစ်ပေးလိုက်တော့ ခွေးက ကောက်ပြီး ပြေးထွက်သွားတယ်။

နန်က မိန်းကလေးကို ဘေးတိုက် မြင်နေရတယ်။ နို့နှစ်ရောင် ဝတ်စုံနဲ့။ ပိတ်ကျဲလည်စည်းကလေးက လေထဲမှာ တဖျပ်ဖျပ်။ ပခုံးပေါ်မှာ အရိုးတိုတို ပေါက်တူးတလက် ထမ်းလို့။ အစိမ်းရောင်လွင်ပြင်ကို နောက်ခံထားပြီး ခေါင်းနီကြိုးကြာတကောင် လျှောက်သွားနေတဲ့ အတိုင်းပါပဲ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

မိုလ်လုပွဲ

မြင်းရွာဆိုတဲ့ ရွာကလေး တရွာက အဖြစ်အပျက်ပါ။ "လျှောင်ပင်း"က ပြောင်းဆန်အရက် ထိုင်သောက်နေတုန်း ခွေးဟောင်သံနဲ့အတူ ခြံတံခါး ပွင့်လာတယ်။ မျက်ခွံထူထူကြီးကို ပင့်ပြီး ကြည့်လိုက်တော့ ဝင်လာတဲ့ ဧည့်သည်ကို တန်းမှတ်မိလိုက်တယ်။ ခွေးကို လှမ်းဟောက်တော့ အဟောင် ရပ်သွားတယ်။ ဧည့်သည်က ဟိုဘက်အခန်းက သူနဲ့ရွယ်တူ 'လာအန်'။

သူက ခပ်ကျယ်ကျယ် လှမ်းနှုတ်ဆက်လိုက်တယ်။

'ဟော့ လာအန်၊ ဘယ်က မျက်စိလည်လာတာလဲ'

အဘိုးကြီးလာအန် မောနေပြီ။ လျှောင်က ထပ်အော်မေးလိုက် တယ်။

'ဘယ်လိုလဲ အခြေအနေ'

'မကောင်းဘူးကွာ'

လာအန်က အနားတိုးထိုင်ပြီး နဖူးက ချွေးတွေကို ပေကျံနေတဲ့ လက်နဲ့ သုတ်လိုက်တော့ သူ့မျက်နှာ တခုလုံး သရဲရုပ်ပေါက်သွားတယ်။

'မင်းဆီက အကူအညီလိုလို့ ငါလာခဲ့တာ သူငယ်ချင်း လျှောင်'

'ဆို... ဘာလုပ်ပေးရမလဲ'

လျှောင်က သူ့ခေါင်းဖြူဖြူကြီးကို ငဲ့ပြီး မေးလိုက်တယ်။ တဆက် တည်း–

'ထိုင်ပါဦးကွာ၊ ဖြည်းဖြည်းပေါ့၊ တခွက်လောက် ချပါဦး'

'ဟင့်အင်း၊ မသောက်တော့ပါဘူးကွာ'

mgyoe.com

mgyoe.com SAMPLE BOOK

လာအန်က မထိုင်ဘဲ လက်နှစ်ဖက်ကို သူ့တင်ပါး ရှုံ့ရှုံ့ကလေးပေါ် ထောက်ပြီး–

'တိရစ္ဆာန်ဆရာဝန် ဘိုင်က ပြောတယ်ကွ၊ ငါ့အိမ်က ဝက်မလေး ဖီးတင်ဖို့ ကောင်းနေပြီ တဲ့၊ ကျူတောရွာက ခွေးသားမာဒင်း ဆိုတဲ့ ကောင်ပေါ့ကွာ၊ သူ့ဝက်သိုးကို ပြောထားတာ။ သုံးနာရီ လာမယ်ပြောပြီး ခုလေးနာရီ ထိုးပြီ၊ ပေါ်မလာဘူး၊ ငါ့မှာ ဝက်မလေးကို ရေမိုးချိုးပြီး စောင့်နေတာ။ ခု ငါ့ကောင်မလေးက မစောင့်နိုင်တော့ဘူး။ သိတယ် မဟုတ်လား။ မင်း သိပါတယ်ကွာ။ ငါ ဘယ်လို လုပ်ရမှာလဲ လျောင်'

လျောင်က သူ့ဆေးတံကို ဆေးတဆုံဖြည့်ပြီး မီးညှိလိုက်ရင်း–

'အဲဒီတော့၊ ငါက ဘာလုပ်ပေးရမလဲ'

'မင်းဆီ အကူအညီတောင်းဖို့ လာပါတယ် ဆို...'

လျောင်က မီးခြစ်ဆံကို လွှင့်ပစ်လိုက်ပြီး ဆေးတံကို ရှိုက်ရင်း–

'မဖြစ်နိုင်ဘူး သူငယ်ချင်း။ ငါ့ဝက်သိုးက မူဘူချို့ရဲ့ ဝက်မလေးနဲ့ မနက်ဖြန် ချိန်းထားပြီးသား ဖြစ်နေတယ်ကွ။ ဒီနေ့ မင်းဆီလိုက်လာရင် ငါ့ကောင် မနက် ဘယ်တတ်နိုင်တော့မလဲ၊ ပြီးတော့ တရွာတည်းသားချင်း ငါ ကတိမပျက်ချင်ဘူးကွာ။ ယုန်ကလေးတွေတောင် သူတို့ ဝပ်ကျင်းနားက မြက်ကို မစားကြဘူးလေ၊ ကျင့်ဝတ်ပေါ့ကွာ'

'မင်းကို ငါ အိမ်နီးနားချင်းအနေနဲ့ တောင်းပန်နေတာပါကွာ၊ တို့မိဘတွေလဲ သူငယ်ချင်းတွေပါ လျောင်'

'အင်း..မင်းပြောတာ ဟုတ်ပါတယ်။ မင်း ငါ့ဆီ ဘာလို့ အရင် မလာတာလဲ'

ပြောရင်း လျောင် မျက်နှာနီလာတယ်။

'ငါ့ကို ခွင့်လွှတ်ပါကွာ၊ ဒီတခါတော့ ကူညီပါ သူငယ်ချင်းရယ်၊ နောက် မင်းဆီ ငါ အရင်လာပါ့မယ်'

လာအန်က ခဏဆိုင်းပြီး ဖြည့်ပြောလိုက်တယ်။

'မင်း အခက်အခဲအတွက် ငါ ပိုပေးပါ့မယ်ကွာ၊ တသားတင်ဖို့ အတွက် ဆယ့်ငါးယွမ် ယူကွာ၊ မင်း ငါးယွမ် ပိုရတာပေါ့၊ နှစ်လုံးဖိုးပေါ့ ကွာ'

'အဲဒီငါးယွမ် မင်းအမေ့ ပေးလိုက်'

mgyoe.com

mgyoe.com SAMPLE BOOK

လျောင်က ဆေးတံကြေးအိုးကို သူ ထိုင်ထားတဲ့ ကျောက်ခွေးခြေနဲ့ ခေါက်လိုက်တယ်။

'မင်းတို့ကောင်တွေက ပိုက်ဆံ၊ ပိုက်ဆံနဲ့ ငွေပဲ ကြည့်တယ်၊ ကိုယ့်အဖေအတွက် ဝယ်ထားတဲ့ အခေါင်းစပ်ဖို့ ပျဉ်ပြားတောင် ရောင်းစားမယ့် ကောင်တွေ၊ ဝက်ဖြူမျိုးက အမည်းထက် အကောင်ထွားတယ်ဆိုပြီး မင်း မာဒင်းဝက်သိုးဆီ သွားတာမဟုတ်လား။ အဲဒီ နိုင်ငံခြားဝက်မျိုးရဲ့ အသားဟာ ငါတို့ဝက်တွေလောက် အရသာမရှိဘူး ဆိုတာ လူတိုင်းသိနေပြီ။ မင်းတို့သာ မသိတာ။ ဒါပေမဲ့ မင်းတို့က နိုင်ငံခြားမျိုးပဲ အထင်ကြီးကြတယ်။ ကတ္တားပေါ်မှာ အချိန်စီးဖို့ပဲ ကြည့်တယ်။ ငါတို့တိုင်းပြည် အဲဒါကြောင့် အဲဒီလို ဖြစ်နေတာ'

ပြောရင်း သူ့နှုတ်ခမ်းမှာ အမြှုပ်တွေ ခိုတွဲလာတယ်။

'ကဲ...ကဲ ငါ မှားပါတယ် လျောင်ရယ်၊ တောင်းပန်ပါတယ်ကွာ၊ မင်းနဲ့ ခုတလော စကားပြောချိန်မရလို့ပါ သူငယ်ချင်းရာ၊ ငါ့ကောင်မလေး အိမ်မှာ ကဲနေလောက်ပြီ၊ ဒီကိစ္စလေး ဖြတ်ပေးပါကွာ'

'မင်း ငါ့ကို စောင့်နေတာလား လာအန်၊ ဘယ်သူက လိုက်မယ် ပြောလို့လဲ'

'မင်း လိုက်မယ်ဆိုတာ ငါ သိလို့ပေါ့ကွ။ မင်းဟာ အိမ်နီးနားချင်းတွေကို အမြဲကူညီနေကျပဲဟာ။ ငါ့ကိစ္စကို မင်း မရှင်းပေးရင် ဘယ်သူရှင်းနိုင်မလဲကွာ'

တဖြည်းဖြည်း လျောင် စိတ်ပြေစ ပြုလာတယ်။ ခွက်ထဲက လက်ကျန်ကို မော့လိုက်တယ်။ ဒါပေမဲ့ မထသေးဘဲ ဆေးတဆုံ ထပ်ဖြည့်နေပြန်တယ်။

'လာပါ သူငယ်ချင်းရယ်၊ ရှိကြီး ခိုးပါရဲ့'

'မင်း သွားနှင့်၊ ငါ လိုက်ခဲ့မယ်'

သူက ခပ်အေးအေးပြောရင်း ဆေးအိတ်ထဲ ဆေးတံထည့်ပြီး ခါးမှာ ချိတ်နေတယ်။

'ကဲ...ဒါဆို ငါ လစ်မယ် သူငယ်ချင်း၊ စောင့်နေမယ်နော်'

'မင်း သေအောင်ပြေး။ မင်း ရောက်ပြီး နောက်နှစ်မိနစ်ဆို ငါ ရောက်လာမယ်'

mgyoe.com

mgyoe.com SAMPLE BOOK

လာအန် ပြန်သွားသွားချင်း လျောင်က ပန်းဆွဲအောက်က စည်ကြီးဆီကို တန်းသွားတယ်။ လက်ထဲမှာ ရောမ ယောက်ချိုဖွန်းကြီး နှစ်ခုကို ကိုင်လို့။ သူ့ဝက်သိုးအတွက် ပဲပုပ်စေ့ ပြုတ်ထားတဲ့ ပြုတ်အိုးကြီး။ ဝက်သိုး ဓါးတင်ဖို့ အငှားလိုက်ရပြီဆိုရင် သူ့ကို စပယ်ရှယ်ကျွေးရတယ်။ တကယ်မှာ သူဟာ သူ့အတွက် လုပ်သားကောင်း တယောက်ပဲ။ မနှစ်က ဆိုရင် စာရင်းငှားနှစ်ယောက် ရှာပေးတဲ့ ဝင်ငွေလောက် ဝက်သိုးကြီးက သူ့ကို လုပ်ကျွေးတယ်လေ။ အဲဒီတော့ ဝက်သိုး အငှားလိုက်တဲ့ ကိစ္စမှာ အောင်မြင်ခဲ့တယ်။ ခုတော့ မာဒင်းက နိုင်ငံခြားမျိုး ဝက်ဖြူတကောင်နဲ့ ပြိုင်ဘက်ပေါ်လာပြီ။ ကိစ္စမရှိဘူး၊ လျောင့်မှာ ဖောက်သည်တွေအများကြီး။ မြင်းရွာတရွာလုံး သူ့ကို ခင်တဲ့လူတွေ တပုံကြီး။

'သားကြီးရေ...မင်း ဒီနေ့ ကံကောင်းပြန်ပြီကွ'

သူ့ဝက်သိုးနှင့် စကားပြောနေတာလေ။ ဝက်သိုးက အပြုတ်ရည်တွေ တပျပ်ပျပ်နဲ့ အားရပါးရ လွေးနေတယ်။ 'မင်း နှစ်မျိုးစလုံးအတွက် လာဘ်ကောင်းမှာကွ၊ မင်းရဲ့ ပါးစပ်အတွက်ရော၊ မင်းရဲ့ ရွှေပန်းအတွက် ကောပေါ့။ မင်းကို ငါ အပတ်တိုင်း မင်္ဂလာဆောင်ပေးမယ်၊ မင်း ကျေးဇူး မတင်ဘူးလား၊ ဘယ်လောက်ဂုဏ်ယူဖို့ကောင်းလဲ၊ မင်းရဲ့ ရင်သွေးကလေးတွေ နေရာအနှံ့မှာ ရှိနေပြီ၊ မင်း ငါ့အတွက် ကြိုးစားပေး၊ ကြားလား'

ပြောပြီး ဝက်သိုးရဲ့ ဇက်ပိုးကို နှစ်ချက်ပုတ်လိုက်တယ်။ ကောင်ကြီးက တအင်းအင်းနဲ့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။

လျော်ပင်နှင့် ကျစ်ထားတဲ့ ကြိုးတချောင်း ယူလာပြီး လျောင်က ဝက်သိုးလည်ပင်းကို သိုင်းချည်လိုက်တယ်။ ဝက်ခြံတံခါးကို ဖွင့်ပေးလိုက်တော့ ကီလိုသုံးရာကျော်တဲ့ ဘော်ဒီကြီးနဲ့ ကောင်ကြီး ပြေးထွက်လာတယ်။ ဒီတော့ သခင်လျောင် စကားမပြောဘဲ မနေနိုင်တော့ဘူး။

'ဖေ့သားကြီး၊ မင်းအတွက် ငါ ဂုဏ်ယူတယ် သိလား၊ မင်းက ငါ့ကို ငွေရှာပေးရုံ မဟုတ်ဘူး။ မင်းကြောင့် လူတွေ ငါ့ကို တလေးတစား ဖြစ်လာကြတယ်၊ ကဲ...သွားကြစို့'

'အဘိုးကြီး ဘယ်သူနဲ့ စကားပြောနေတာလဲ'

အိမ်ပေါ်က လျောင့်ကတော် လှမ်းမေးလိုက်တယ်။

'ငါ့သားကြီးနဲ့ပေါ့ကွ၊ အလုပ်ရှိလို့ တို့ သွားလိုက်ဦးမယ်ဟေ့၊

mgyoe.com

mgyoe.com SAMPLE BOOK

ညစာအတွက် ကြက်ဥတဒါဇင် မွှေကြော်လုပ်ထားဟော့၊ ဒီနေ့ မြက်မြက်ကလေး စားရမှာကွ၊ သိပ်မကြာဘူး၊ တနာရီလောက်ပဲနော်'

'အင်း... သိပ်မကြာနဲ့နော်၊ စောင့်နေမယ်'

မီးဖိုထဲက ဖားဖိုကြီးအသံ ကျယ်လာပြီး ဒယ်အိုးထဲက ဆီပေါက်သံတွေ ထွက်လာတယ်။

လျောင်က လာအန်တို့ အိမ်ဘက်ကို သုတ်ခြေတင်လာခဲ့တယ်။ ဝက်သိုးက သူ့ရှေ့က ပြေးနေတယ်။ တကိုယ်လုံး ရွှံ့တွေ၊ ရေတွေ ပေကျံလို့။ ကဲထားလို့ရတဲ့ အခြစ်ရာတွေ နိုင်းချင်းနဲ့။ လေက နွေးနေတယ်။ နီရောင်သမ်းနေတဲ့ နေဝန်းက မဟာအင်ပါယာ တောင်တန်းကို မဲနယ်ရောင် ဆိုးနေပြီ။ မြက်ခင်းတွေက ဟိုတကွက်၊ ဒီတကွက်။ မကြာသေးခင်ကမှ ရိတ်ထားတဲ့ ပြောင်းပင်ရိုးပြတ်တွေက ဟိုးအဝေး မိုးကုပ်စက်ဝိုင်းဆီအထိ ခဲရောင်မှိုင်းမှိုင်း အပြိုင်းအပြိုင်းတန်းလို့။ အရာတိုင်းဟာ ခြောက်သွေ့လေးကန်နေတယ်။ လေတိုက်နေပုံကပင် ပျင်းစရာအတိ၊ သိုးတအုပ်တောင်တန်းပေါ်က ဆင်းလာပုံက ချုံတွေပေါ်မှာ တိမ်တိုက်တွေ ပြေးနေသလိုပဲ။ ဟိုးအဝေးဆီက ကလေးတွေအသံ ကြားနေရတယ်။ တခါတလေ မြည်းအော်သံတွေ လေကိုဆန်ပြီး ပေါ်လာတယ်။

လာအန်တို့အိမ်က ရွာမြောက်ဘက်စွန်းမှာ။ သူတို့အိမ် ရောက်တော့ တံခါးကို တွန်းဝင်သွားတယ်။ သူ့ဝက်သိုးက သူ့ရှေ့က။ လျောင်က ကိစ္စမြန်မြန်ဖြတ်ပြီး အိမ်ပြန်ရောက်ရင် ကြက်ဥမွှေကြော်နဲ့ ညစာစားမယ်လို့ မောင်းတင်ထားတာ။ ပြီးတော့ မနက်က ဝယ်ထားတဲ့ ငါးလင်ပန်းနဲ့ ကြက်သွန်ဥကြီး အကွင်းလိုက် နှပ်ထားတဲ့ဟင်းက တပွဲ။

ဝက်ပေါက်စကလေးတွေ မနက်က ရောင်းထုတ်ပြီး အကြိုက်ဆုံးကောင် ပြန်ဝယ်ထားတာလေ။

ခြံထဲရောက်သွားပြီး ရောမဝက်ဖြူကြီးကို လှမ်းမြင်တော့ သူ့မျက်လုံး ပြူးသွားတယ်။ ဝက်ပျိုမကလေးက ကြိတ်ဆုံနံဘေးမှာ လှဲနေတယ်။ ဝက်ဖြူပိုင်ရှင် မာဒင်းက လာအန်နဲ့ စကားပြောနေတာ လျောင်လှမ်းမြင်နေရတယ်။ လာအန်ရဲ့လူ လူပျိုပေါက်သား "ခွေးကောင်" က ဝက်ခြံထဲမှာ ဝက်ချေးတွေကို ဂေါ်ပြားနဲ့ ကျုံးနေတယ်။ လျောင်နဲ့ ဝက်မည်းကြီးကို လှမ်းမြင်တော့ ချာတိတ်က ဂေါ်ပြားကို ချပြီး နှုတ်ဆက်ဖို့ ဟန်

mgyoe.com

ပြင်လိုက်တယ်။ လာအန်နဲ့ မစ္စတာမာဒင်းကို မြင်တော့ မစ္စတာလျောင် မျက်နှာပျက်သွားတယ်။

ဒေါသအမျက်ခြောင်းခြောင်းထွက်လာပြီး လျောင် သူ့ကိုယ်သူ ပြောလိုက်တယ်။ "မင်း ခံလိုက်ရပြီ လျောင်။ မာဒင်းက မင်းကို ဖြတ်ခုတ်သွားပြီ"။ ပြေးသွားပြီး လာအန်ရဲ့ မျက်နှာကို လက်သီးငေါက်ငေါက်ထိုးရင်း မအေနှမနဲ့ ကိုင်တုပ်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ သူ့ရှေ့တည့်တည့်မှာ ဝက်ဖြူကြီးက တားနေတယ်။ သူ့ဝက်သိုးထက် အပုံကြီး ထွားတဲ့ ဧရာမ ကောင်ကြီး။ လျောင်နဲ့ ဝက်သိုးမည်းကို လှမ်းကြည့်ပြီး အဖြူကောင်ကြီးက မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်နေတယ်။

လာအန်က အခြေအနေကို သိလိုက်ပြီ။ လျောင် နှာတင်းသွားပြီ။ မာနဲ့ စကားဖြတ်ခဲ့ပြီး သူ့ဆီ လျှောက်သွားတယ်။ အင်း... သူ့ကို တောင်းပန်ရတော့မှာပေါ့။ သူ ခြေလှမ်းပြင်နေတုန်း လျောင် မြေကြီးပေါ် ကားခနဲ ကျသွားတယ်။ သူ့ဝက်မည်းကြီးက သူ့ကို တိုးဝှေ့ကျော်လွှားပြီး ဝက်ဖြူကြီးဆီ အတင်းပြေးထွက်သွားတယ်။ လာအန်နဲ့ မာဒင်းလည်း ချက်ချင်း ခုန်ရှောင်လိုက်ကြတယ်။ ကြက်တွေ၊ ဘဲတွေလည်း လန့်ဖျပ်ပြီး အော်ဟစ် ထွက်ပြေးကြရတော့တာပေါ့။ ခြံစည်းရိုးပေါ် နားနေတဲ့ ကြက်ဖကြီးတကောင်က ဟိုဘက်ခြံထဲ အလန့်တကြား ခုန်ချသွားတယ်။ ခွေးကောင်က ဂေါ်ကြီးကို ဝက်ခြံထဲပစ်ချလိုက်ပြီး အသံကုန်အော်ဟစ် အားပေးတယ်။

'အမည်းကောင်ကွ၊ ချပစ်၊ ဆော်ပစ်၊ နိုင်ငံခြားမျိုး ဖြုတ်ပစ်၊ သူ့တိုင်းပြည်ကို ပြန်မောင်းထုတ်ပစ်'

ဝက်သိုးမည်းရဲ့ အော်သံဟာ ဝက်သတ်ရုံက ဝက်တွေထက် ကျယ်တယ်။ လည်မျိုကို ဓားနဲ့ အထိုးခံရချိန်မှာ အော်သံထက် ပိုကျယ်တယ်။ လျောင် ကုန်းရုန်းထလိုက်ချိန်မှာ ဝက်နှစ်ကောင် တိုက်ပွဲစနေပြီ။ အဖြူက အကောင်ထွားပေမဲ့ အမည်းက ပိုအားသန်တယ်။ တိုက်ခိုက်ပုံပိုကျွမ်းတယ်။ နှစ်ကောင် အသေအလဲ တိုက်ခိုက်နေပုံကို ကြည့်ပြီး သူ့ကောင် အတွက် အားတက်နေတယ်။

ပွဲက တဖြည်းဖြည်း ကြမ်းသထက် ကြမ်းလာတယ်။ လျောင်က ပွဲကို ရပ်ပစ်ချင်လာတယ်။ ရေရှည်မှာ သူ့ကောင် ခံနိုင်ပါ့မလားဆိုတာ သံသယ ဖြစ်လာတယ်။ နောက် စိတ်ပြောင်းသွားပြန်တယ်။ သူ့ကောင်ကြီး

mgyoe.com

mgyoe.com
SAMPLE BOOK

ကို ရွာမှာ မိုလ်ဖြစ်စေရမယ်ပေါ့။ "သားရေ ချကွ၊ မင်း ပိုင်နက်ကို ဘယ်သူမှ မကျူးစေနဲ့" လို့ စိတ်ထဲက အားပေးလိုက်တယ်။ နိုင်ငံခြားကောင် ကျူးကျော်ခံလို့ ဘယ်ဖြစ်မလဲ၊ ဒီအဖြူကောင်ကိုကော၊ သူ့သခင် မာဒင်းနဲ့ လာအန်ကိုပါ သင်ခန်းစာ ကောင်းကောင်းပေးရမယ်။ တွေ့ကြသေးတာပေါ့ကွာ၊ ငါ့ကိုရော၊ ငါ့ကောင်ကြီးကိုပါ အထင်သေးတဲ့ကောင်တွေ။

ရန်ပွဲကို ဝင်ဖျန်ဖြေမယ့်အစား လျောင်က ဒီအတိုင်း ရပ်ကြည့်ပြီး သဘောတွေ ကျနေတယ်။ အလားတူ မာနဲ့ လာအန်ကလည်း ဝက်ပွဲကို နှစ်နှစ်ခြိုက်ခြိုက် အားပေးနေတယ်။ ခွေးကောင်က လူကြီးတွေအတိုင်း တုတ်တချောင်းနဲ့ ဝက်မည်းဘက်က လုံးဝ အားပေးနေတယ်။ ဝက်ခြံထဲ ပြန်ရောက်သွားတဲ့ ဝက်မကလေးကို သူတို့အားလုံး မေ့နေကြတယ်။

ဝက်ဖြူက ပါးစပ်ကို တအားဖြဲပြီး ရန်သူကို လိုက်ကိုက်နေတယ်။ ပန်းရောင် သူ့လျှာက သွေးတွေ တစက်စက်ကျလို့။ ဝက်မည်းရဲ့ ဒဏ်ရာက သွေးလား၊ သူ့ပါးစပ်က သွေးလား၊ ဘယ်သူမှ မခွဲခြားနိုင်ဘူး။ ချွန်မြမြ သူ့သွားတွေနဲ့ ဝက်မည်းကို တချိန်လုံး လိုက်ပက်နေတယ်။ ဒါပေမဲ့ အမည်းကောင်က လက်တလုံးခြားကလေး ရှောင်သွားတယ်။

ဘယ်ခြောက်ကာ ညာလှမ်းပြီး ပူးတုံခွာတုံနဲ့ ပညာကုန်သုံးရင်း တိုက်ပွဲဆင်နေရာက ဆယ်ပေအကွာလောက် ကိုယ်စီ နောက်ဆုတ်လိုက်ကြတယ်။ နောက်မှ တပတ်လှည့်စောင်းပြီး မျက်နှာချင်း ဆိုင်လိုက်ကြတယ်။ ခဏနေမှ တကောင်နဲ့တကောင် ပြေးတိုက်ကြတယ်။ ဝုန်းခနဲ ခေါင်းချင်းဆိုင်တိုက်မိပေမဲ့ တကောင်မှ မလဲဘူး။ နှစ်ကောင်စလုံး ဟန်ချက်ကို ပြန်ထိန်းနိုင်တယ်။ နှုတ်သီးချင်းဆိုင်ထားပြီး ထပ်လုံးကြပြန်တယ်။ ကြည့်ရတာ တကောင်နဲ့တကောင် လှဲချဖို့ ကြိုးစားနေတော့ နပန်းပွဲနဲ့ တူနေတယ်။ မလဲတော့ နွားနှစ်ကောင်ဖွေ့သလို ချာလပတ်လည်နေတယ်။ ဒါပေမဲ့ တကောင်နဲ့တကောင် လှဲမချနိုင်ဖြစ်နေတယ်။ နောက်ခြေထောက်တွေ မြေကြီးထဲနစ်ပြီး တအားဖွေ့နေကြတယ်။

ရုတ်ခြည်း ဝက်မည်း ရှူးတွေထွက်ကျလာပြီး မြေပြင်ပေါ်မှာ ရေစီးကြောင်းကြီး ထင်သွားတယ်။ လျောင် ကျောထဲစိမ့်သွားတယ်။ သူ့ကောင် ဝက်ဖြူကို ကြာကြာခံနိုင်ပါ့မလားဆိုပြီး သံသယဖြစ်လာတယ်။ ထင်တဲ့အတိုင်းပါပဲ။ သူ့ကောင် ဆက်တောင့်မထားနိုင်တော့ဘူး။ မြေကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ထဲ နစ်ဝင်နေတဲ့ နောက်ခွာနှစ်ဖက်ဟာ မြေကြီးကိုခွဲပြီး ထယ်ထိုးသလို အကြောင်းကြီးနှစ်ကြောင်း ဖြစ်သွားတယ်။ အဲဒီထဲမှာ သူ့သေးတွေ စီးကျနေတယ်။ ဝက်ဖြူက ရှေ့တိုးပြီး တအားတိုက်တော့ သူ့ဆရာ ရှေ့တည့်တည့်မှာပဲ ထိုးလဲကျသွားပါလေရော။ အသက်ကို မနည်းရှူနေရပြီး ငယ်သံပါအောင် အော်နေတယ်။ လျှောင်ဟာ ရင်ထဲနင့်သွားပြီး သူ့သားကြီးကို ပွေ့ထားလိုက်ချင်တယ်။ ဒါပေမဲ့ မာဒင်း ပြုံးနေတာတွေ့တော့ စိတ်ထိန်းထားလိုက်တယ်။ သူက ဝက်မည်းကို အထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်။ လျှောင် ဒေါသအမျက် ခြောင်းခြောင်းထွက်လာပြီး သူ့ဝက်သိုးရဲ့ နံဘေးကို ပစ်ကန်လိုက်တယ်။ ဒီတော့ သူ့ဝက်မည်းကြီး ကုန်းထလာတယ်။ သခင့်စိတ်ကို ရိပ်မိသွားပုံမျိုးနဲ့ ရန်သူ့ဆီကို ပြေးဝင်သွားပြန်တယ်။

ဒီတခါ သူ တိုက်ကွက်တမျိုး ဖြစ်လာတယ်။ ဝက်မည်းက ဗလချင်း မယှဉ်နိုင်မှန်း သဘောပေါက်သွားပုံမျိုးနဲ့ ဦးခေါင်းပိုင်းနဲ့ ပါးစပ်ကို အားကိုးလာတယ်။ အဖြူကောင်ကြီးက ကိုယ်လုံးကြီးကသာ တွေနေအောင် တောင့်တာ၊ အရှောင်အတိမ်း သိပ်မသွက်ဘူး။

လျှောင် စိတ်ပူစပြုလာပြီ။ နိုင်ခြေ သိပ်မရှိတော့ဘူးလေ။ ပွဲရပ်ဖို့ ဘယ်လိုလုပ်ရမလဲ သူ စဉ်းစားတယ်။ အဲဒီအချိန်မှာပဲ ဝက်မည်းက နံဘေးဘက် တိုးသွားတယ်။ ဝက်ဖြူဆီကို တလှမ်းချင်း လျှောက်သွားရင်း လျှပ်တပြက်အတွင်း ဝုန်းခနဲခုန်ပြီး ပတတ်ရပ်ကာ ချွန်ထက်နေတဲ့ ခွာအစုံနဲ့ ရန်သူရဲ့ မျက်နှာကို ပေါက်ထည့်လိုက်တော့ ဝက်ဖြူဟာ အသံကုန်အော်လိုက်တယ်။ သူ့ညာဘက်မျက်လုံးအောက်မှာ ဧရာမ အသားတစ်ကြီး ထွက်သွားပြီး သူ့မျက်လုံးတခုလုံး ရွှံ့တွေနဲ့ သွေးတွေ ရောသွားတယ်။

လာအန်က ထ အော်တယ်။

'မိုက်တယ်ဟေ့… လှလိုက်တဲ့ အကွက်ကွာ'

သူ့သား ခွေးကောင်ကလည်း ဝက်မည်းရဲ့ ဖင်ကို တုတ်နဲ့ထိုးပြီး အားပေးတယ်။

'ချ၊ ချ၊ ခွေးမသား နိုင်ငံခြားဝက်ဖြူကို အသေချ'

မာက လှမ်းအော်တယ်။

'ဟေ့ ခွေးကောင်၊ ငါ့ဝက်ကို ဘာလို့ဆဲတာလဲ၊ တိရစ္ဆာန်ဆိုတာ ဘာမှ နားလည်တာ မဟုတ်ဘူးကွ'

mgyoe.com

mgyoe.com
SAMPLE BOOK

လျောင်က ခုမှ ပျော်နိုင်တယ်။ မာဒင်းကိုကြည့်ပြီး အပြုံးနဲ့ ပြောလိုက်တယ်။

'ဒါလောက်နဲ့တော်ရင် ကောင်းမယ် မာ၊ မဟုတ်ဘူးလား'

မာဒင်းက မကြားချင်ယောင် ဆောင်နေတယ်။

ဝက်နှစ်ကောင် ဆက်တိုက်ကြတယ်။ ဒါပေမဲ့ တကောင့်တကောင် ဒဏ်ရာကြီးကြီးကျယ်ကျယ် ရအောင် မလုပ်နိုင်တော့ဘူး။ ကိုယ်ပေါ်မှာ သွေးစို့နေတဲ့ သွားရာကလေးတွေပဲ တွေ့ရတော့တယ်။ ဝက်မည်းမှာ ဒဏ်ရာ ပိုများပေမဲ့ တိုက်ရည်ခိုက်ရည် လျော့ကျမသွားဘူး။ နှုတ်သီးမည်းမည်းကြီးဟာ ဝက်ဖြူရဲ့ ဝမ်းဗိုက်သားတွေကို သွေးတွေ ရွှဲနေအောင် ဒုက္ခပေးနိုင်ခဲ့ပြီ။ ဒဏ်ရာပေါင်းများစွာက သွေးတွေ မြေကြီးပေါ်မှာ တစက်စက် ကျနေပြီ။

ဝက်မည်းဟာ ရန်သူရဲ့ မချိတင်ကဲ အော်သံကြားတော့ အုံ့သြသွားသလို တွေပြီး ရပ်နေတယ်။ အဲဒီမှာ ဝက်ဖြူက ဧရာမပါးစပ်ကြီး ဖြဲပြီး ရန်သူဆီကို ကြောက်စရာအရှိန်နဲ့ ပြေးချလာတယ်။ ဝက်မည်းရဲ့ခေါင်းတည့်တည့်ကို တအား ကျုံးဝှေ့ထည့်လိုက်တော့ ရန်သူဝက်မည်း ဆယ်ပေလောက် လွင့်ထွက်သွားတယ်။ တဆက်တည်း ဝက်မည်း ထွက်ပြေးတော့ ဝက်ဖြူက အသားကုန်ပြေးလိုက်တယ်။ အဖြစ်က မြန်လွန်းတော့ ပွဲကြည့်ပရိသတ် ဘာဖြစ်သွားမှန်း မသိလိုက်ဘဲ ကြောင်ကြည့်နေကြတယ်။ ဖုန်တောထဲမှာ နားရွက်မည်းကြီး ပြုတ်ကျကျန်ရစ်တယ်။ တွန့်လိမ်နေတဲ့ နားရွက်ကြီးဟာ ဧရာမ လင်းနို့ကြီးတကောင်လို လူးပျံနေတယ်။

ဝက်မည်းက အိမ်သာအောက်ကို ဝင်ပြေးသွားတော့ ဝက်ဖြူက နောက်က စွတ်လိုက်တယ်။ ဝက်ဖြူက အိမ်သာတိုင်တလုံးကို ဝင်တိုက်တော့ အိမ်သာကြီး ပြိုကျပါလေရော။

အဲဒီမှာတင် လာအန်က ကုန်းအော်တော့တာပဲ။

'သွားပြီ... သွားပြီ။ ငါ့အိမ်သာ ပြိုပြီ။ ဟော့... မင်းတို့ဝက်တွေ ချက်ချင်း ပြန်ခေါ်သွားကြ'

ခွေးကောင်က ကောက်ဆွကြီးကို ဆွဲပြီး အော်ရင်း ပြေးလိုက်သွားပါလေရော။

'နင် သေဖို့သာပြင်တော့ အဖြူကောင်'

mgyoe.com

mgyoe.com SAMPLE BOOK

မာက လက်ကားရား ခြေကားရားနဲ့–

'ဟေ့ကောင်လေး… မလုပ်နဲ့၊ မလုပ်နဲ့'

သူ့အဖေကလည်း လှမ်းအော်တယ်။

'ဟေ့… ခွေးကောင်၊ ကောက်ဆွကြီး ချလိုက်စမ်း'

ဒီတော့မှ ချာတိတ်က တုံ့ခနဲရပ်ပြီး ကောက်ဆွကို လွှတ်ချလိုက်တယ်။

ဝက်နှစ်ကောင်ကို မီအောင် လူတွေမလိုက်နိုင်တော့ဘူး။ ဝက်မည်းက နားရွက်တဖက် ပြတ်ပြီးတော့မှ ပိုပြီး သက်လုံကောင်းလာသလိုလို။ မြေအုတ်စိမ်းနံရံကို မှီရပ်ပြီး စောင့်နေတယ်။ မျက်နှာတခုလုံးမှာတော့ သွေးခြင်းခြင်းနီနေပြီး ကြောက်စရာကြီး ဖြစ်နေပြီ။ ကောင်းကင်ကို မော့ပြီး ဝက်မည်း တအားအော်လိုက်ရင်း ဝက်ဖြူနဲ့ ပြန်ရင်ဆိုင်တော့ ဝက်ဖြူ တကောင် ရန်သူကို ဖြုံသွားပုံရတယ်။

အဖြူကောင် ကွေ့ပတ်ရှောင်ဖို့ လမ်းရှာတယ်။ အဲဒီမှာတင် အမည်းကောင်က အတင်းဝင် အတင်းတိုက်တယ်။ ဝက်ဖြူရဲ့ ဖင်ပိုင်းတခုလုံးနဲ့ နံဘေးတွေမှာ ဝက်မည်းရဲ့ ကိုက်ရာတွေနဲ့ သွေးခြင်းခြင်းနီနေပြီ။

ခုတော့ လျှောင်ကော၊ မာပါ ပွဲသိမ်းချင်နေပြီ။ ဒါပေမဲ့ နောက်ကျသွားပြီ။ ဘယ်လိုမှ မထိန်းနိုင်တော့ဘူး။ ဝက်နှစ်ကောင် အနားကို ဘယ်သူမှ မကပ်ရဲတော့ဘူး။ ဝက်မည်းက တွေ့ရာ မြင်ရာ ဆွဲကိုက်နေပြီ။ တချိန်လုံး အဖြူကောင်က ပြေးနေရပြီး သူက ကပ်လိုက်နေတော့ ပြန်လှည့်တိုက်ခိုက်ဖို့ မဖြစ်နိုင်တော့ဘူး။

ပြေးရင်း ပြေးရင်း အိမ်ရှေ့တံခါးပေါက် ရောက်သွားတော့ ခြံတံခါးကို တိုးဝှေ့ပြီး ထွက်သွားပါလေရော။ ဝက်မည်းကလည်း နောက်က သဲကြီးမဲကြီး လိုက်တယ်။ ကျိုးပဲ့သွားတဲ့ တံခါးအပြင်ရောက်တော့ ဖုန်တောထဲမှာ ဝက်နှစ်ကောင်စလုံး ပျောက်သွားတယ်။

နောက်က လိုက်လာတဲ့ လူတွေ ခြံပြင်ရောက်တော့ ဝက်နှစ်ကောင်ကို မျက်ခြည်ပြတ်သွားတယ်။ လူတွေ သူတို့ နှစ်ကောင်ကို လှမ်းမြင်တော့ ဂျုံတလင်းထဲမှာ လုံးထွေးနေပြီ။ ဝက်ဖြူက ဆက်မပြေးတော့ဘဲ တိုက်ပွဲပြန် စ တယ်။ တလင်းထဲမှာ ဝက်နှစ်ကောင် စိတ်ကြိုက် တိုက်ပွဲဆင်နေတော့ ဂျုံတွေနဲ့ လုံးထွေးကာ နှင်းမှောင်ကျသလို ဖြစ်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့အနားမှာ ပွဲကြည့်ပရိသတ် ပြန်စည်ကားလာတော့ ဝက်နှစ်ကောင် ကိုယ်ရှိန်သတ်ပြီး နောက်ဆုတ်လိုက်ကြတယ်။ ပြီးမှ တအားပြေးကျုံးကြပြန်တယ်။ ကြောက်စရာအရှိန်နဲ့ ခေါင်းချင်းဆိုင်တိုက်တဲ့အခါ နှစ်ကောင်စလုံး ဘေးတိုက် လဲကျသွားတယ်။ နှစ်ကောင်စလုံး တအင့်အင့်နဲ့ မချိမဆံ့ ညည်းလို့။ နယ်ပြီးသား ဂျုံတွေရော၊ မနယ်ရသေးတဲ့ ဂျုံတွေပါ ပြန့်ကျဲ ပျက်စီးကုန်ပြီ။

လျောင်က မာ့ဘက်ကို ကြည့်ပြီး လှမ်းအော်ပြောတယ်။

'ဟေ့… တို့ ရပ်မှ ဖြစ်မယ်။ ဆန်းဖူးရဲ့ဂျုံတွေ ပျက်စီးကုန်ပြီ'

ရွာသားတွေ ပြေးထွက်လာတော့ ပရိသတ် ပိုများလာတယ်။

လျောင်က အိမ်ပြန်ပြေးပြီး ကျိုးသွားတဲ့ တံခါးကန့်လန့် သစ်သားချောင်းကြီးကို ပြေးယူတယ်။ မာ့ကို လှမ်းပြောတယ်။

'ဒါနဲ့ တားမှ ရမယ်ဟေ့'

သစ်သားချောင်းကြီးကို မာနဲ့ နှစ်ယောက်သားကိုင်ပြီး နှုတ်သီးချင်း ဆိုင်နေတဲ့ ဝက်နှစ်ကောင်ကြားကို ထိုးသွင်းကြတယ်။

ပြီးမှ ဘေးလူတွေ အကူအညီနဲ့ နှစ်ကောင်ကွဲအောင် ခွဲကြတယ်။ တော်တော်နဲ့ ခွဲမရဘူး။ လျောင်က အော်တယ်။

'ဟေ့ကောင်… ကိုယ့်သခင်ကို မမှတ်မိဘူးလား'

ဝက်မည်း ခဏငြိမ်သွားတယ်။ ဒါပေမဲ့ ခဏပဲ။ အမောပြေတာနဲ့ တားထားတဲ့ တန်းပေါ်ခုန်တက်ပြီး ဝက်ဖြူဆီကို တန်းပြေးသွားပြန်တယ်။ တအားအော်ပြီး ပြေးချသွားတာ။ ပြီးတော့ နှစ်ကောင် ထိုးကြ၊ ကိုက်ကြပြန်တယ်။

'ဟာ… ဝက်မည်းတော့ သေတော့မှာပဲ'

လူတောထဲက တယောက်ရဲ့ ဝေဖန်သံ။ ခွေးကောင် ခြံစည်းရိုးဖျက်ပြီး ဝက်နှစ်ကောင် အပြင်ထွက်လာပုံ၊ အိမ်သာကို ဘယ်လိုဖြိုခဲ့ပုံတွေကို သူ့သူငယ်ချင်းတသိုက်နဲ့ ပြောနေတယ်။

လျောင်က ဝိုင်းကြည့်နေတဲ့လူတွေကို အော်ပြောလိုက်တယ်။

'ဟေ့… ဝိုင်းကူကြပါဦးဟ၊ ဝက်နှစ်ကောင်ကို ဝိုင်းဖျဉ်ကြပါဦး။ မဟုတ်ရင် ရှိသမျှ ဂျုံတွေ ကုန်တော့မယ်'

လူငယ်ခြောက်ယောက် ထွက်လာပြီး ကူတယ်။ သူတို့နှစ်ကောင်

mgyoe.com

ကြားကို စောစောကအတိုင်း သစ်သားချောင်းထိုးသွင်း၊ ပျဉ်ပြားတချပ်နဲ့ ဝက်မည်းရှေ့က အတင်းတား၊ လူအင်အားနဲ့ မနည်းဝိုင်းတားမှ ဝက်နှစ်ကောင် ဖြည်းဖြည်းချင်း ကွဲသွားတယ်။

နောက်ဆုံး ရန်ပွဲပြီးသွားတယ်။ ဒါပေမဲ့ နှစ်ကောင်စလုံး မာန်ဖီနေသေးတယ်။ သို့ပေမဲ့ ခြေကုန်လက်ပန်းကျနေပြီ။ ပြီးတော့ သူတို့ကို လက်ပေါင်း များစွာနဲ့ ဝိုင်းထိန်းထားကြတယ်။

မာက သူ့ဝက်ဖြူကို ကြိုးပြန်ချည်နေတုန်း လူငယ်တချို့က ခပ်ဝေးဝေးမှ ခဲနဲ့ပေါက်ကြတယ်။ ပြီးတော့ သံပြိုင်အော်ကြတယ်။

'နိုင်ငံခြားဝက် အလိုမရှိ၊ ဝက်ဖြူ အလိုမရှိ'

မာက ပြန်အော်တယ်။

'သေနာလေးတွေ၊ ငါ့ဝက်သိုးက မင်းတို့ကို သောက်ဂရုမစိုက်ဘူး။ မျိုးချစ်ဆိုတဲ့ မင်းတို့ဆရာတွေလည်း သောက်ဂရုမစိုက်ဘူးကွ'

လျောင်က လက်ထဲမှာ ကြိုးပါမလာလို့ ခွေးကောင်ကို လှမ်းမေးလိုက်တယ်။

'ငါ ကြိုးသွားရှာမလို့၊ မင်း ခဏ ထိန်းထားနိုင်မလား'

ခွေးကောင်က ဝက်မည်းကို ထိန်းထားတဲ့ ပျဉ်ချပ်ကို ကိုင်ထားပေးတယ်။ နားရွက်ငုတ်တိုနဲ့ ဝက်မည်းကိုကြည့်ပြီး ခွေးကောင် စိတ်မသက်မသာ ဖြစ်နေတယ်။ ယင်မမည်းကြီးတွေက ချက်ချင်းရောက်လာပြီး သွေးစုပ်နေပြီ။

မာက သူ့ဝက်ဖြူကြီးကို ဆွဲခေါ်ပြီး ထွက်သွားပြီ။ ဒီတော့မှ ဝက်မည်းကို ဝိုင်းချုပ်ထားတဲ့ လူတွေလည်း လွှတ်ပေးလိုက်ကြတယ်။ သူတို့ လက်တွေမှာ ပေကျံနေတဲ့သွေးတွေကို ဂျုံနှံတွေနဲ့ ခုမှ သုတ်ကြရတယ်။ ဝက်မည်းက တဖက်ကိုငဲ့ပြီး ခွေးကောင်ရဲ့ပေါင်ကို ကိုက်ထည့်လိုက်တယ်။ ချာတိတ် လွင့်ထွက်ပြီး လဲကျသွားတယ်။ ဘောင်းဘီပေါင် ပြဲထွက်သွားပြီး ပေါင်ရင်းက အသားကို ကိုက်ထည့်လိုက်တာ အရိုးဖွေးဖွေးပေါ်သွားတယ်။ ပြီးတော့ ပြာနှမ်းနှမ်းအရွတ်တွေပါ ထွက်လာတယ်။ ချာတိတ် မအော်နိုင်ဘဲ မြေကြီးပေါ်မှာ လူးလိမ့်နေတယ်။ ရွာသားတွေက ဒဏ်ရာကို ဖုန်မဝင်အောင် ချာတိတ်ကို ဝိုင်းပွေ့ထားကြတယ်။ ဝက်မည်းကြီးက လွှတ်ထွက်သွားပြီး ချောင်းနံဘေးက မိုးမခတောထဲ ရောက်နေပြီ။

mgyoe.com

လာအန်က သူ့သားလေးကို ပွေ့ပြီး အော်နေတယ်။

'သား... ငါ့သားလေးကို ကယ်ကြပါဦးကွာ။ သား... ခွေးကောင်'

ခွေးကောင်ရဲ့ ပေါင်ရင်းကို သားရေပတ်နဲ့ တင်းတင်းစည်းပြီး၊ အင်္ကျီဟောင်းတထည် ဖြဲပြီး အနာကို စည်းလိုက်ကြတယ်။ စည်းတဲ့အင်္ကျီမှာ သွေးတွေ ချက်ချင်းစိုလာတယ်။ မြို့က ဆေးရုံကို အမြန်ပို့မှ ဖြစ်တော့မယ်။ လူနှစ်ယောက် ထော်လာဂျီခေါ်ဖို့ ချက်ချင်း ပြေးထွက်သွားတယ်။

ဝက်ချည်တဲ့ကြိုးနဲ့ လျောင် ပြန်ရောက်လာပြီး လာအန့်ခြံထဲ ရောက်တော့ သူက ကြိုးတင်ရှာတာ မဟုတ်ဘူး။ ဝက်နားရွက်ပါ ရှာတာ။ ဝက်နားရွက် မတွေ့တော့ဘူး။ တယောက်ယောက် ကောက်သွားပြီ။ ခွေးချီ သွားတာတော့ မဖြစ်နိုင်။ လာအန့်မိန်းမပဲ ဖြစ်ရမယ်။ လူအုပ်ဆီ ပြန်လာ တော့ အဝေးကြီးက အော်ပြီး ကျိန်ဆဲလာတယ်။

'ငါ့ဝက်နားရွက် ခိုးစားတဲ့လူ ကာလနာ တိုက်ပါစေကွာ'

'ခွေးမသား၊ ကိုယ်မအေ ကိုယ်...'

လာအန်က ဒေါသတကြီး ထပြေးလာပြီး သူ့မျက်နှာကို စွတ် ထိုးထည့်လိုက်တယ်။

'ဟိုမှာကြည့်စမ်း၊ ငါ့သားကလေးကို မင်းဝက် လုပ်သွားတာ။ ဟင်... ငါ့လက်ထဲမှာသာ သေနတ်ရှိရင်ကွာ... တောက်၊ ခုတော့ ငါ့သား လေး...'

လာအန် အော်ငိုနေတယ်။ လျောင်တယောက် ဘာတခွန်းမှ ပြန် မပြောနိုင်ဘဲ ဆွံ့နေတယ်။ ခွေးကောင်ကို လူအုပ်ထဲမှာ လှမ်းကြည့်လိုက် တော့ မြေကြီးပေါ်မှာ ဖြည်းဖြည်းချင်း လူးလွန့်နေတယ်။

သူ ပြေးချသွားတယ်။ ကောင်လေး အသက်မရှူတော့ဘူး။

'အို... မြတ်စွာဘုရား'

သူ ဖင်ထိုင်လျက် ကျသွားတယ်။ ဂျူခင်းပိုင်ရှင် ဆန်းဖူးရောက်လာ တယ်။ ဒေါသထွက်ပြီး တာဝန်ရှိတဲ့ကောင်တွေကို ဆဲဖို့ သူ မောင်းတင် လာတာ။ ဒါပေမဲ့ သေကောင်ပေါင်းလဲ ဒဏ်ရာကြီးနဲ့ ကလေးကိုတွေ့တော့ သူ ကိုယ်ရှိန်သတ်လိုက်တယ်။ သူများတွေနဲ့အတူ ကလေးအသက်အန္တရာယ် ကို စိုးရိမ်လာတယ်။

လျောင်လည်း ဗိုက်ထဲက တကြွတ်ကြွတ်မြည်အောင် ဆာလောင်

mgyoe.com

mgyoe.com

နေပေမဲ့ အများနဲ့အတူ ဆက်စောင့်နေလိုက်တယ်။ ခွေးကောင်သာ ဒဏ်ရာမရရင် ခုအချိန်ဆို အိမ်မှာ ဟင်းပူပူနွေးနွေးနဲ့ ထမင်းလွေးနေပြီ။ ခုတော့ ဒီလိုမဟုတ်ပြီ။ အဖြစ်တွေ ဆိုးခဲ့လေပြီ။ တရွာလုံးက သူ့ကို မေတ္တာပို့ကြတော့မယ်။ သူ့သားစပ်လုပ်ငန်းကိုလည်း အပုပ်ချကြတော့မယ်။ တော်တော်နဲ့ အလုပ်ပြန်ကောင်းနိုင်တော့မှာ မဟုတ်ဘူး ထင်ပါရဲ့။

ဒါကြောင့် တာဝန်သိသိနဲ့ လာအန့်မိသားစုကို နှစ်သိမ့်ရမယ်။ ဘာမှ လုပ်ပေးနိုင်တာလည်း မရှိလို့ လူအုပ်ထဲမှာ အသာလေး ဇက်ပုပြီး ထိုင်နေတယ်။ ဝက်နှစ်ကောင် တိုက်ပွဲအကြောင်း ပြောနေကြတဲ့ ရွာသားတွေရဲ့ အမြင်အမျိုးမျိုးကို အသာ နားထောင်နေလိုက်တယ်။ ဝက်နှစ်ကောင် ရန်ဖြစ်တာနဲ့ ဒါလောက် အပျက်အစီးများလိမ့်မယ်လို့ ဘယ်သူတွက်မှာလဲ။ တချို့က ဝက်မည်းမှာ ညဥ်ဆိုးပါတယ်လို့ ဝေဖန်ကြတယ်။ နှစ်ကောင် ယှဉ်လိုက်ရင် အဖြူကောင်က သိမ်မွေ့တယ်၊ အန္တရာယ်မရှိဘူးလို့ ပြောတဲ့ လူလည်း ရှိရဲ့။ ကလေးတွေအတွက်ပါ စိတ်ချရလို့ ဝက်ဖြူပဲ မွေးသင့်တဲ့ အကြောင်း ပြောတဲ့လူလည်း ပါတယ်။

ဟော... ထော်လာဂျီ ရောက်လာပြီ။ ဧရာမ ဂွမ်းကပ်ကြီးနဲ့ ခွေးကောင်ကို ပတ်ပြီး နောက်တွဲပေါ် တင်လိုက်ကြတယ်။ ပြီးတာနဲ့ ဟွန်းကို တအားဖွင့်ပြီး အပြေးမောင်းထွက်သွားတယ်။

သတိမေ့နေတဲ့ ခွေးကောင်ကလေးကို ပွေ့ပြီး လာအန့်မိန်းမက အသုဘမှာ ငိုသလို အော်ငိုရင်း ပါသွားတယ်။ လျောင်နဲ့မာကို လာအန်က တလမ်းလုံး ဆဲလိုက်လာတယ်။ ရုံဖန်ရုံခါ သူ့ခေါင်းထဲ ဝင်ဝင်လာတာကတော့ ဝက်မည်းကို သူကိုယ်တိုင် ကွက်သတ်ဆေး ကျွေးသတ်ဖို့ပဲ။ လုပ်ဖြစ်အောင် လုပ်မယ်လို့လည်း အကြိမ်ကြိမ် သစ္စာဆိုနေတယ်။ ။

mgyoe.com